# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 27 July 2025 ၁၁၈၉၁


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

### အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း အပြီးထုတ်ပြန်ကြေညာသည်။

ထိုသို့ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာလာရောက်ကြည့်ရှုကြသည်။ အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန website ဖြစ်သော www.myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြေဆို၊ အောင်မြင်သူနှင့် အောင်ချက်ရာခိုင်နှုန်းများကို အောက်ဖော်ပြပါဇယားဖြင့် ထုတ်ပြန်ကြေညာထားသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

## ကျွန်းစုမြို့နှင့် မြိတ်မြို့သို့ ပြေးဆွဲနေသော အမြန်ရေယာဉ်များ ရာသီဥတုကောင်းမွန်မှုကြောင့် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲ

ကျွန်းစု ဇူလိုင် ၂၆

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းစုမြို့နှင့် မြိတ်မြို့သို့ ပြေးဆွဲနေသော အမြန်ရေယာဉ်များနှင့် ကုန်တင်စက်လှေများသည် ဇူလိုင် ၂၃ ရက်မှစ၍ ရာသီဥတုအခြေအနေကြောင့် ခေတ္တရပ်နားထားရှိရာမှ ယနေ့နံနက်ပိုင်းတွင် အမြန်ရေယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။



တနင်္သာရီတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တစ်နာရီလျှင် လေတိုက်နှုန်း ၃၅ မိုင်မှ မိုင် ၄၀ နှင့် ပင်လယ်ပြင်အခြေအနေမှာ လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်ဖြစ်သဖြင့် မြိတ် - ကျွန်းစု - မြိတ်ခရီးစဉ် ပြေးဆွဲနေသော သစ်သားခွံကုန်တင်စက်လှေများ၊ အပျော်စီးရေယာဉ်များနှင့် ကမ်းရိုးတန်းသွားခရီးသည်တင်အမြန်ရေယာဉ်များအားလုံး ထွက်ခွာခွင့် လုံးဝ (လုံး၀) မပြုကြောင်း၊ ရေယာဉ်ထွက်ခွာခဲ့ပါက ဖြစ်ပေါ်လာနိုင်မည့် နောက်ဆက်တွဲ ပြဿနာများအတွက် ရေယာဉ်ပိုင်ရှင်၏ တာဝန်သာဖြစ်ကြောင်း၊ မြိတ် - ကျွန်းစု - မြိတ်ခရီးစဉ်ပြေးဆွဲမည့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂


ယနေ့ ဖတ်စရာ

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ကွင်းဆင်းဆောင်ရွက် စာမျက်နှာ » ၄

မိုးကာလနှင့်ရေကြီးရေလျှံသဘာဝဘေးအန္တရာယ် ဆောင်းပါး စာမျက်နှာ » ၆

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ထိုင်း-ကမ္ဘောဒီးယားအရေး ဆွေးနွေး စာမျက်နှာ » ၁၃

စိုက်ပျိုးလုပ်ကိုင်သူများအားလုံး လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ သိရှိလိုက်နာရေး ကြိုးပမ်းဆောင်ရွက် စာမျက်နှာ » ၁၈

# ပြည်တွင်းထုတ်ကုန်များအားပေး အမည်သစ်များတိုးတက်ထုတ်လုပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်တိုးမြှင့်ရေး” စီးပွားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီ ချိတ်ဆက်ဆောင်ရွက်ပေးပြီး ပြည်တွင်းထုတ်ကုန်များ အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမည်(မယ်)သစ်ပို့ကုန်ရရှိရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီးများ စိစစ်ပံ့ပိုးပေးနိုင်ရေးနှင့် အခြားလိုအပ်ချက်များဖြစ်သည့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးပြီး ဈေးကွက်ခိုင်မာစွာရရှိရေး၊ လိုအပ်သည့်နည်းပညာနှင့် လူသားအရင်းအမြစ်များရရှိရေးတို့ကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည်။ MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက် ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပုဂ္ဂလိကဘဏ် ၁၈ ဘဏ်က MSME ချေးငွေများကို လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ့အကျိုးကိုရှေးရှုပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နည်းပညာနှင့် လူသားအရင်းအမြစ်များရရှိရေးကို စက်မှုဝန်ကြီးဌာနနှင့် အေဂျင်စီများပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးသည့် နည်းပညာသင်တန်းများနှင့် ဆွေးနွေးပွဲများ၊ ဝန်ကြီးဌာနအလိုက်ဖွင့်လှစ်သည့် MSME ဆိုင်ရာသင်တန်းများ၊ အနာဂတ်တွင် ကုန်ထုတ်လုပ်ငန်းများကို ထဲထဲဝင်ဝင်သိရှိပြီး ရေရှည်ရပ်တည်နိုင်ရန် KG+9 အောင်မြင်ပြီးသူများအတွက် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည့်အတွက် ပြည်တွင်း/ပြည်ပတွင် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များ ပြုလုပ်နေကြသည်။ ထို့ကြောင့် အွန်လိုင်းစနစ်ဖြင့် ဈေးကွက်ကို ချိတ်ဆက်ကြရမည်ဖြစ်သည်။ ပြည်ပနှင့် ဈေးကွက်ချိတ်ဆက်ရေးကို MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် အေဂျင်စီများက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးမီ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက်ရေးကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယခင်ကာလက ကျင်းပခဲ့သည့် MSME ပြပွဲနှင့်ပြိုင်ပွဲများတွင်လည်း One Stop Service ဖြင့် ပြည်ပပို့ကုန်တင်ပို့လိုသည့်လုပ်ငန်းရှင်များကို မြန်မာနိုင်ငံ၏ စီးပွားရေးသံမှူးများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။ ချိတ်ဆက်မှုများအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာကုမ္ပဏီများ၊ လုပ်ငန်းကိစ္စဘဏ်များနှင့် ချိတ်ဆက်ရသည့်ကိစ္စရပ်များ၌ အင်တာနက်ဝန်ဆောင်မှုနှင့်ဒစ်ဂျစ်တယ်နည်းပညာရပ်များ၊ စီးပွားရေးဆိုင်ရာအသုံးချရယူရမည့် နည်းပညာပိုင်းများကို မဖြစ်မနေ ကျွမ်းကျင်စွာတတ်မြောက်ထားရန်လိုသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးရည်မှန်းချက်(၂) ရပ်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး”တို့ကို စီးပွားရေးဦးတည်ချက်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိသည်။ MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန် အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမည်(မယ်)သစ်ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးပေးလျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက်၊ ထုတ်ကုန်အမျိုးအစားအလိုက် တူညီသည့်အမျိုးအစားထုတ်ကုန်များကို စုစည်းနိုင်မှသာ တစ်နိုင်ငံလုံး တစ်နှစ်ထွက်ရှိနိုင်သည့်ပမာဏကို ရရှိနိုင်မည်ဖြစ်သည်။

သို့မှသာ ပို့ကုန်အမည်(မယ်)များအလိုက် နိုင်ငံတကာဈေးကွက်မှ သတ်မှတ်လိုအပ်ချက်များနှင့် ကိုက်ညီစေရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်တွင် ယုံကြည်မှုရှိသည့် ဈေးကွက်နှင့် ဖောက်သည်အဖြစ် ဖန်တီးနိုင်မည်ဖြစ်ရာ MSME လုပ်ငန်းများကို နိုင်ငံတော်နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက ပံ့ပိုးကူညီပေးပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သော ခေတ်မီစနစ်ကျနပြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် MSME စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇူလိုင် ၂၆ ရက်အထိ သေဆုံးသူ ၃၇၇၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၇ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့နယ် အင်သာကျေးရွာ သီလရှင်စာသင်တိုက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အင်သာကျေးရွာ သီလရှင်စာသင်တိုက်တွင် ကျင်းပသည်။ ဦးစွာ အင်သာကျေးရွာသီလရှင်စာသင်တိုက်မှဆရာလေးဒေါ်ပညာထေရီက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက “အမျိုးသမီးများ အကြမ်းဖက်ခံရမှု ပပျောက်ရေး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက “လူငယ်နှင့်စာပေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက သီလရှင်စာသင်တိုက်မှ ဆရာလေးများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး စာရေးဆရာ ကိုရွှေအောင်သင်းက သီလရှင်စာသင်တိုက်ကို စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာစောင်များ ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

သွေးသွေး(ပြန်/ဆက်)

## အလုံမြို့နယ်၌ ကလေးသူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

အလုံ ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာန အနောက်ပိုင်းခရိုင်ရုံးမှ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ခရိုင်အဆင့် ကလေးသူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အလုံမူလတန်းကြိုကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးမှူး ဒေါ်ခင်ယုဒါရီက အဖွင့်အမှာစကားနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းရပ်များအကြောင်းပြောကြားပြီး ဦးစီးမှူး ဒေါ်ပပမောင်က ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အရေးကြီးပုံ၊ ကလေးသူငယ်အခွင့်အရေးများနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ယောရော(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ၂၆ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) အခမ်းအနားတက်ရောက်၊ စိုက်ပျိုးရေးလုပ်ငန်းများကြည့်ရှုအားပေး

ပုသိမ် ဇူလိုင် ၂၆

ကရင် တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာ (လက်ချည်ပွဲ) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့နယ် ရောမင်းခန်းမ၌ ကျင်းပရာ ဆရာတော် သံဃာတော်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၏ ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့က ဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ယနေ့အခမ်းအနားသည် ကရင်တိုင်းရင်းသားအားလုံး၏ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနားဖြစ်ပါကြောင်း၊ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားတွင် ယခုကဲ့သို့ မိမိတိုင်းရင်းသားများ စုစုစည်းစည်း ပြန်လည်




တွေ့ဆုံရသည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ပြောရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ) အခမ်းအနား ကျင်းပသည့် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ကျုံပျော်မြို့နယ် ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ကော်မတီနာယက ပြာမလေ့ကျေးရွာ ကျောင်းတိုက် ဆရာတော် ဥူးဉာဏဇောတိ၊ ပုသိမ်မြို့နယ် ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး Bishop ဟင်နရီမန်းအိုင်ခလိန် တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ)အကြောင်း စာတမ်းဖတ်ကြားကာ တိုင်းဒေသကြီးအဆင့် ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(စုပေါင်းလိပ်ပြာခေါ်ပွဲ) ကျင်းပရေး ကော်မတီတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧည့်သည်တော်များအား ဘိုးဘွားများက ကရင်ရိုးရာချည်ဖြူဖွဲ့ပေးခဲ့ကြပြီး ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့နောက် ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအုပ်စု တောင်သူ ဦးကျော်ကျော်ဦး၏ စိုက်ကေ ငါးကေတွင် အောင်နိုင်တိုးစပါးမျိုးအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် စုပေါင်းခတ်မြေဩဇာကြဲပက်ပွဲနှင့် ပေါင်းလိုက်တမန်းနှိုးပွဲကို တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က သီးနှံစုံ ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးအတွက် အခြေခံလိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲရန်နှင့် တိုင်းဒေသကြီး၏ မိုးစပါးပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဓာတ်မြေဩဇာ ကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးရာတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် တောင်သူများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရွှေဖုံးမှ

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆို ဦးရေ | အောင်မြင် ဦးရေ | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၈၅၈၄ | ၄၁၀၀ | ၄၇.၇၆% |
| ၂ | ကယားပြည်နယ် | ၁၃၂ | ၆၈ | ၅၁.၅၂% |
| ၃ | ကရင်ပြည်နယ် | ၃၃၄၈ | ၁၅၀၀ | ၄၄.၈၀% |
| ၄ | ချင်းပြည်နယ် | ၄၀၈ | ၁၁၀ | ၂၆.၉၆% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၇၀၅ | ၄၂၄၁ | ၄၃.၇၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄၅၄၁ | ၂၂၉၇ | ၅၀.၅၈% |
| ၇ | နေပြည်တော် | ၁၂၄၀၇ | ၅၇၄၁ | ၄၆.၂၇% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၂၃၉၆ | ၅၇၄၄ | ၄၆.၃၄% |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၉၆၈၅ | ၃၀၂၇ | ၃၁.၂၅% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၁၇၈၇၇ | ၉၂၀၇ | ၅၁.၅၀% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၃၃၇၉၁ | ၁၆၇၆၆ | ၄၉.၆၂% |
| ၁၂ | မွန်ပြည်နယ် | ၈၉၇၂ | ၅၁၂၈ | ၅၇.၁၆% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၅၆၄ | ၅၅၀ | ၃၅.၁၇% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၄၆၇ | ၁၉၃၆၆ | ၅၁.၆၉% |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၁၂၄၀၇ | ၆၀၃၅ | ၄၈.၆၄% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၆၅၈ | ၂၇၉ | ၄၂.၄၀% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၁၆၉၅ | ၆၃၉ | ၃၇.၇၀% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၂၂၄၁ | ၁၅၁၀၇ | ၄၆.၈၆% |
| ၁၉ | နိုင်ငံခြား | ၂၀ | ၁၉ | ၉၅.၀၀% |
| | **စုစုပေါင်း** | ၂၀၇၈၉၈ | ၉၉၉၂၄ | ၄၈.၀၆% |

**ပညာရေးဝန်ကြီးဌာန**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုး/ဇလ**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ကွင်းဆင်းဆောင်ရွက်

မန္တလေး ဇူလိုင် ၂၆

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့ ဦးဆောင်သည့်လုပ်ငန်းကော်မတီအဖွဲ့သည် ယနေ့တွင် ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ တာဝန်ရှိသူများနှင့် အစည်းအဝေး ပြုလုပ်ခြင်း၊ ကွင်းဆင်းကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်သည်။



## ဆွေးနွေးပြောကြား

နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်ပြီး ဗဟိုအစိုးရနှင့် ဒေသန္တရ အစိုးရအဖွဲ့များအပြင် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နိုင်ငံတကာတို့၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန်နှင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစည်း၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့်လိုက် လုပ်ငန်းစဉ်လျာထားပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည် ခွဲခြား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်မီဒီယာအနေဖြင့် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းစဉ်များအတိုင်း သတင်းအချက်အလက်များ စဉ်ဆက်မပြတ် ထုတ်ပြန်ပေးခြင်း၊ အသိပညာမျှဝေပေးခြင်းတို့အပြင် အနုပညာရှင်များ၏ စွမ်းအားနှင့်ပေါင်းစပ်၍ ဘေးသင့်ဒေသများအထိ သွားရောက်ပြီး စာနာမှု၊ အားပေးမှုနှင့် စိတ်ခွန်အားမြှင့်တင်မှုတို့ဖြင့် ဖျော်ဖြေရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးနေပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ငလျင်ဒဏ်သင့် ဘုရား၊ စေတီနှင့် သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ငလျင်ဘေးသင့် ဒေသများတွင် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက လုပ်ငန်းခွဲများအလိုက် ဆောင်ရွက်မှုနှင့် ဆက်လက်တင်ပြ ဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အနယ်နယ် အရပ်ရပ်မှ ကျွမ်းကျင်လုပ်သားများဖြင့် လုပ်ငန်းများ ထိရောက်အောင် ဆောင်ရွက်နိုင်ရေး၊ ဦးစားပေးဆောင်ရွက်ရမည့် ကျေးရွာများ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ ပါဝင်လုပ်ဆောင်နိုင်ရေး၊ နိုင်ငံတကာအကူအညီများ ရရှိအသုံးပြုနိုင်ရေး၊ ကြက်ခြေနီအသင်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ နယ်လှည့်ဖျော်ဖြေရေး၊ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရန် ပညာပေးရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အကြောင်းအရာနှင့် ရလဒ်ဦးစားပေးသတင်းများ ထုတ်ပြန်နိုင်ရေး၊ လူငယ်များ နေရာပေးနိုင်ရေးနှင့် နယ်လှည့်ဖျော်ဖြေရေးကိစ္စများကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဆင်ကျုံးယာယီဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး ဝန်ထမ်း ၁၅၀ အတွက် Container House ၁၅၀ နှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံ ဆောင်ရွက်ပေးထားမှုကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းနှင့် လမ်း ၁၁၀ ထောင့်ရှိ မန္တလေး KBZ Center သို့ ရောက်ရှိပြီး ပြည်သူများ အခမဲ့ ဆေးကုသနိုင်ရန် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှု၊ ရေရှည် ကူညီထောက်ပံ့နိုင်ရန် ချေးငွေစီစဉ်ပေးထားမှု၊ ပြန်လည်တည်ဆောက်ရေးအတွက် အဆင့်မီ သံချောင်းများ သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းချပေးရန် စီစဉ်ထားရှိမှု၊ သံချည်သံကွေးဆောက်လုပ်ရေးဆိုင်ရာ ပညာမျှဝေပေးမှု၊ အရေးပေါ်အသက်ကယ်လှေများ အသင့်စုဖွဲ့ထားရှိမှု တို့ကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ရက်ကန်းလုပ်ငန်းနှင့် ပန်းပုလုပ်ငန်း လုပ်ကိုင်နေကြသော ပြည်သူများ၏ လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး နည်းလမ်းဖော်ထုတ်၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နေရာတစ်ခုစီအတွက် MRTV DTH ၁၀ စုံစီနှင့် MRTV DVB T-2 Set Top Box အစုံ ၂၀ စီဖြင့် စုစုပေါင်း DTH အစုံ ၃၀ နှင့် Set Top Box အစုံ ၆၀ တို့ကို ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံတော်အစိုးရအဖွဲ့ အစည်း အဆင့်ဆင့်နှင့် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ မျဉ်းပြိုင်သဖွယ်ဆောင်ရွက်မှုပုံစံမှ ပေါင်းစည်း၍ ပိုမိုထိရောက်ပြီး အကျိုးကျေးဇူးရှိနိုင်ရန်နှင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့၏ အထင်ကရ ငွေထည်လုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရေး ဖြည့်ဆည်းမှုများ ပြုလုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ စစ်ကိုင်းမြို့ တည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဆက်လက်၍ တိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံတော်နှင့်ပြည်သူ လက်တွဲပေါင်းစပ်၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်မီဒီယာအနေဖြင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မကြာမီကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စေရေး ပြည်သူလူထုအားနှင့် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က နယ်မြေဒေသအလိုက် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T-2 Set Top Box အစုံ၁၅၀အား လွှဲပြောင်းပေးအပ်သည်။ အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် စစ်ကိုင်းမြို့ မဟာစည်းခုံကြီး ဘုရားဝင်းအတွင်းရှိ ယာယီဝန်ထမ်းအိမ်ရာသို့ သွားရောက်ပြီး ဝန်ထမ်းမိသားစု ၃၆ စုအတွက် Container House များနှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှုကို ကြည့်ရှု၍ ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ထမ်းမိသားစုများအတွက် MRTV DTH ၁၀ စုံနှင့် MRTV DVB T-2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် စစ်ကိုင်းမြို့ ရွာထောင်မီးရထား ဒီဇယ်စက်ခေါင်းဝင်းအနီးရှိ မြေခြောက်ကေခန့်တွင် Container Houses များဖြင့် ထပ်မံနေရာချထားနိုင်ရေး ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး Commercial Area ရှိ Ocean Super Center၊ Shops Houses နှင့် လမ်းလျှောက်ဈေးတို့သို့ သွားရောက်ပြီး ပြည်သူများ ဈေးဝယ်/ အပန်းဖြေမှုများဖြင့် စည်ကားနေမှုကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မင်္ဂလာမန္တလေးဧရိယာရှိ အဆောက်အအုံများမှာ မြေငလျင်ဒဏ် ထိခိုက်မှုများရှိခဲ့သော်လည်း စံချိန်စံညွှန်းနှင့်အညီ အမြန် ပြန်လည်ပြုပြင်ပြီး သက်ဆိုင်ရာ၏ စစ်ဆေးမှုများ ရယူကာ ဇွန် ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး ရောင်း/ဝယ်လည်ပတ်မှု၊ အပန်းဖြေ အနားယူမှုများဖြင့် ပြန်လည်စည်ကားလာခြင်း ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

---

**❂ ကျွန်းစုမှ**

ခရီးသည်တင် အမြန်ရေယာဉ်များအနေဖြင့် ပင်လယ်ပြင်တွင် လှိုင်းကြီးမည်ဖြစ်ပါ၍ ခရီးသည်အားလုံးကို ရေယာဉ်အတွင်း၌သာ စီးနင်းကြရန်တို့ကို ဇူလိုင် ၂၂ ရက်က ထုတ်ပြန်ထားကြောင်း သိရသည်။

ကျွန်းစုမြို့တွင် နေ့စဉ် အမြန်ရေယာဉ် အတက်၊ အဆင်းနှစ်ခေါက်နှင့် သစ်သားခွံကုန်တင်စက်လှေ အတက်၊ အဆင်း တစ်ခေါက် ပြေးဆွဲလျက်ရှိရာ ယခုအချိန်တွင် ရာသီဥတုအခြေအနေကြောင့် ခေတ္တရပ်နားထားရှိသော အမြန်ရေယာဉ်များသည် တိုင်းဒေသကြီး မိုး/ဇလမှ ရာသီဥတု ကောင်းမွန်၍ ရေယာဉ်များ ထွက်ခွာခွင့်ရရှိကာ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

## ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့အနီးရှိ နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+ Gas Engine Hybrid)ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မကွေးပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာပြီး မကွေးမြို့ရှိ ရုံး/ဌာနများ၌ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့အနီးရှိ နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ အင်ဂျင်ပေါင်းစပ်သုံး(Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိရာ ဓာတ်အားထိန်းချုပ်ခန်းတွင် တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် လက်ရှိစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းသွယ်တန်းဆောင်ရွက်မည့်အခြေအနေ၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းဆောင်ရွက်ပြီးစီးမှုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာအတွင်း လူမှုရေးတာဝန်သိမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လာမည့်နွေရာသီအမီ ကနဦးဓာတ်အား ထုတ်လုပ်နိုင်ရန် ဓာတ်အားပေးစက်ကိုးလုံးမှ ဓာတ်အား ၈၀ မဂ္ဂါဝပ်အား ဆောလျင်စွာ ဓာတ်အားထုတ်လုပ်နိုင်ရေး အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်သွားရန်၊ ဆိုလာမှ ဓာတ်အားထုတ်လုပ်နိုင်ရေး လုပ်ငန်းများကို တိုးတက်မှုရှိအောင်ဆောင်ရွက်သွားရန်၊ ဓာတ်အားမထုတ်လုပ်မီ Gas Engine များကို စမ်းသပ်မောင်းနှင်ထားရန်နှင့် သေချာစွာစိစစ်ဆောင်ရွက်ထားရန်၊ ဓာတ်အားပေးစက်ရုံ တည်ရှိရာဒေသသည် ငလျင်သက်ရောက်မှုရှိသည့်ဒေသဖြစ်၍ အင်ဂျင်စက်အထိုင်များ ရွေ့လျားသွားမှုရှိ/မရှိ စစ်ဆေးဆောင်ရွက်သွားရန်၊ စီမံကိန်းအသစ်များမဆောင်ရွက်နိုင်သေးမီတွင် ရှိပြီးသားစီမံကိန်းများကို အမြန်ပြီးစီးနိုင်ရေးနှင့် ဓာတ်အားထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ Gas Engine Hall အတွင်း Gas Engine စက်များနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ပြီးစီးနေမှု၊ Exhaust Dust System တပ်ဆင်ပြီးစီးမှု၊ အအေးပေးစနစ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားခွဲရုံတည်ဆောက်ရန် Foundation လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Fire Protection Wall တည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဓာတ်အားပေးစက်ရုံသို့ ဓာတ်ငွေ့ပို့လွှတ်ပေးမည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း သဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်းသို့ရောက်ရှိပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းထားရှိမှုနှင့် ဓာတ်ငွေ့ပို့လွှတ်ပေးမည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မကွေးပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် ဓာတ်အားခွဲရုံးမှူးက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဗို့အားပြည့်ဝစွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ ပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ရှိ မကွေးပင်မဓာတ်အားခွဲရုံနှင့် အမှတ်(၄)တည်ဆောက်ရေးရုံးတို့သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာ၍ မကွေးမြို့ရှိ ရုံးဌာနများတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာဝန်ထမ်းများအား တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စာဆိုဗိမာန်အဆောက်အအုံတွင် စာဆိုဗိမာန်တည်ဆောက်ပြီးစီးပါက အတွင်းပိုင်းအခန်းများ ပြင်ဆင်ရေးအတွက် ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၆

စာဆိုဗိမာန် အဆောက်အအုံတွင် ခင်းကျင်းပြသမှုဆိုင်ရာ စိစစ် အတည်ပြုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စာဆိုဗိမာန် တည်ဆောက်ပြီးစီးပါက အတွင်းပိုင်းအခန်းများ ပြင်ဆင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



အစည်းအဝေးသို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စာဆိုဗိမာန် အဆောက်အအုံတွင် ခင်းကျင်းပြသမှုဆိုင်ရာ စိစစ်အတည်ပြုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများ၊ စာပေဗိမာန် စာတည်းမှူးချုပ်နှင့် ပြင်ပလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်နေသော စာဆိုဗိမာန်ကို ယခုနှစ်ကုန်ခန့်တွင်ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ပြီးစီးပါက အခန်းများတွင် လိုအပ်သည့် ပြင်ဆင်ခင်းကျင်းမှုများပြုလုပ်၍ ဖွင့်ပွဲကျင်းပသွားရန်ရှိကြောင်း၊ ထို့ကြောင့် အချိန်မီ ကြိုတင်ပြင်ဆင်နိုင်ရေး ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်နိုင်ကြရန် လိုကြောင်း၊ အခန်းအနေအထားအရ ခင်းကျင်းပြသသင့်သည့် အချက်အလက်များကို ကြိုတင်စုဆောင်းစီစဉ်ပြီး အတည်ပြုပြီးပါက မိမိတို့ဝန်ကြီးဌာနက စုစည်းပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာဆိုဗိမာန်အဆောက်အအုံတွင် ခင်းကျင်းပြသမှုဆိုင်ရာ စိစစ်အတည်ပြုအဖွဲ့ အဖွဲ့ဝင်များနှင့် ပြင်ပလုပ်ငန်းရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**



ရန်ကုန်မြို့မှ အလှူရှင် ဦးမောင်ကျေး- ဒေါ်ချိုချိုပြုံး မိသားစုက ခရမ်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(မြို့မ)ရှိ အာရ်စီနှစ်ခန်းတွဲ သုံးထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပြီး ပညာရေးဝန်ကြီးဌာနသို့ ဇူလိုင် ၂၆ ရက်က လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံစဉ်။ သတင်းစဉ်

# ဇမ္ဗူသီရိမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပခဲ့ရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးကဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊



လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ရည်မှန်းချက်စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက လူငယ်ရေးရာနှင့်သက်ဆိုင်သည့် စာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ်ပြဘုတ်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **နီလာ(ပြန်/ဆက်)**

# မိုးကာလနှင့် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်

**တင်ထက်ထက်ဇော်**



၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှု မြင်ကွင်း။

ရေကြီးခြင်းသည် ကမ္ဘာပေါ်တွင် နှစ်စဉ် လူအသေအပျောက် အများဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ အဆမတန်ကြီးထွားလာခဲ့သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် နှစ်စဉ်ပျက်စီးဆုံးရှုံးမှု များပြားလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် တစ်ခုတည်းမှာပင် တောင်အာရှဒေသတစ်ဝန်း ပြင်းထန်သော ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၆၅၀၀ သေဆုံးခဲ့ပြီး စီးပွားရေးအရ ဒေါ်လာ ၁၀၅ ဘီလီယံ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ရာသီဥတု ပြောင်းလဲလာခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်ခြင်း၊ ဂေဟစနစ်ယိုယွင်းလာခြင်း၊ ရေကြီးမှုဖြစ်ရာဒေသ အထက်ပိုင်း၌ မြေယာအသုံးပြုမှုများပြားလာခြင်းနှင့် ရေလွှမ်းမိုးမှု မကြာခဏ ဖြစ်ပေါ်လေ့ရှိသည့် ဒေသများတွင် လူဦးရေနှင့် အဆောက်အအုံများ အဆက်မပြတ် တိုးပွားနေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းသည့် အကြိမ်ရေတိုးလာခြင်း စသည်တို့သည် ရေကြီးရေလျှံဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းများဖြစ်သည်။

## မြန်မာနိုင်ငံနှင့် ရေကြီးရေလျှံခြင်းအန္တရာယ်

မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှု သုံးကြိမ် ဖြစ်ပေါ်လေ့ရှိသည်။ ၎င်းတို့မှာ ဇွန်လ(မိုးဦးကာလ) တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဇွန်လမှ အောက်တိုဘာလကို မိုးရာသီဟု သတ်မှတ်ထားသော်လည်း ယခုနှစ် မေလမှစ၍ ရွာသွန်းခဲ့သောမိုးကြောင့် ရေကြီးခြင်းများ ဖြစ်ပေါ်လာရသည်။ အချို့ဒေသများတွင် ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နေပြီး ရေဘေးဒုက္ခများကို ကြုံတွေ့နေရသည်။

လတ်တလောတွင်လည်း တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော အပူပိုင်းမုန်တိုင်း "ဝီဖာ" ကြောင့် ဇူလိုင်လ ၂၁ ရက်နေ့ ညနေမှ ဇူလိုင်လ ၂၈ ရက်နေ့အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဉ္စန်ကြားမှုဦးစီးဌာနက ဇူလိုင်လ ၂၁ ရက်နေ့တွင်သတင်း ထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ကြောင်း သတိပေးထားသည်။

၂၀၂၅ ခုနှစ်သည် ကမ္ဘာကြီး၌ သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာသည့်နှစ်ဟု ဆိုနိုင်သည်။ အထူးသဖြင့် အဖျက်စွမ်းအား ပြင်းထန်သည့် ရေကြီးရေလျှံမှုများကို အာရှဒေသနိုင်ငံအများအပြား၌ ခံစားလာကြရသည်။ သို့ပါ၍ နှစ်စဉ်ရှောင်လွှဲမရနိုင်သော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ရေလွှမ်းမိုးခြင်းဖြစ်စဉ်ကို သတိပြုကာကွယ်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် အထူးလိုအပ်ပါသည်။

## ရေလွှမ်းမိုးမှုမဖြစ်မီ ကြိုတင်ဆောင်ရွက်ရန်

မိမိအိမ်ပတ်ဝန်းကျင်ရှိဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။ မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားရပါမည်။ (ဥပမာ အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)။ ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားပါ။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် လိပ်စာတို့ကို ရေးသားထားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရပါမည်။ (ဥပမာ အသက်ကယ်အင်္ကျီ၊ ဖောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊ သစ်တုံး၊ တာယာကျွတ်)။

မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားရပါမည်။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်စေနိုင်သော နေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။ ကိုယ်နေထိုင်သော အရပ်ဒေသ၏ ရေလွှမ်းမိုးနိုင်သော အန္တရာယ်အနေအထားနှင့် ဒေသမြေမျက်နှာပြင်ရှိ အနေအထားကို ကြိုတင်သိအောင် လေ့လာထားပါ။ ပတ်ဝန်းကျင်ကုန်းမြေအနေအထားနှင့် မိမိဒေသ အနီးတစ်ဝိုက်တွင်ရှိသော ချောင်းများ၊ တာတမံများနှင့် မည်သို့ဆက်စပ်မှုရှိကြောင်းကို လေ့လာထားရပါမည်။ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သော ရေလွှမ်းမိုးမှုနှင့်ပတ်သက်သည့် သတိပေးချက်များကို အမြဲမပြတ် နားထောင်ရပါမည်။

## ရေကြီးခြင်းဖြစ်ပေါ်နေချိန် ရှောင်ရှားရန်

ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်း မပြုလုပ်ပါနှင့်။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။ အိမ်မွေးတိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။ ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်ကို ပိတ်ထားပါ။ သောက်သုံးရေသန့် သို့မဟုတ် ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာရပါမည်။

## ဆူနာမီအန္တရာယ် ကြိုတင်ကာကွယ်

ဆူနာမီဆိုသည်မှာ ပင်လယ်သမုဒ္ဒရာ ရေအောက်ကြမ်းပြင် ရွေ့လျားခြင်း၊ မြေပြိုခြင်း၊ ရေအောက်မီးတောင် ပေါက်ကွဲခြင်းများကြောင့် ဖြစ်ပေါ်လာသည့် အလွန်ကြီးမားသော လှိုင်းလုံးကြီးများဖြစ်သည်။

ပင်လယ်ကမ်းရိုးတန်းဒေသတွင် နေထိုင်သူများအနေဖြင့် လျင်လှုပ်ပြီးနောက်ထုတ်ပြန်သော ဆူနာမီသတိပေးချက်များကို သတိပြုနားထောင်ပါ။ ဆူနာမီအန္တရာယ်မှ ပြေးခိုနိုင်မည့် နေရာ (ကုန်းတွင်းပိုင်း ကုန်းမြင့်သို့) သွားရမည့် လမ်းကြောင်းအား အတိုဆုံးရေးဆွဲပြီး မိသားစုဆုံရပ်များ သတ်မှတ်ထားရန် လိုအပ်ပါသည်။ ပင်လယ်ကမ်းရိုးတန်းတွင် နေထိုင်သူများအနေဖြင့် အရေးပေါ်သုံးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ၊ လှိုင်းခွဲတာတမံများကိုသက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ပေးထားသည့် အသက်ကယ် ကုန်းမြင့်များအဖြစ် မှတ်သားထားရပါမည်။

> **အချိန်အခါမရွေး ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကို အန်တုရာ၌ ကြိုတင်ပြင်ဆင်မှုအားမကောင်းပါက ပျက်စီးဆုံးရှုံးမှုကိုလည်း ကြီးမားစေမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် ရှောင်လွှဲ၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးနှင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးသက်သာစေရေးမှာ စွမ်းဆောင်ရည်ရှိသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအပေါ် မူတည်နေပါသည်။ ရေဘေးအန္တရာယ်ကို စီမံဆောင်ရွက်ရာတွင်လည်း ကြိုတင်ပြင်ဆင်မှု၊ အရေးပေါ်တုံ့ပြန်မှု၊ ပြန်လည်ထူထောင်မှုဟူသော အပိုင်းများကို စနစ်တကျအကောင်အထည်ဖော်နိုင်မှသာ သဘာဝဘေးကို ကြံ့ကြံ့ခံတုံ့ပြန်နိုင်စွမ်းရှိသည့် လူမှုအသိုက်အဝန်းတစ်ခုကို တည်ဆောက်နိုင်မည်**

အချိန်အခါမရွေး ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကို အန်တုရာ၌ ကြိုတင်ပြင်ဆင်မှုအားမကောင်းပါက ပျက်စီးဆုံးရှုံးမှုကိုလည်း ကြီးမားစေမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် ရှောင်လွှဲ၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးနှင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးသက်သာစေရေးမှာ စွမ်းဆောင်ရည်ရှိသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအပေါ် မူတည်နေပါသည်။ ရေဘေးအန္တရာယ်ကို စီမံဆောင်ရွက်ရာတွင်လည်း ကြိုတင်ပြင်ဆင်မှု၊ အရေးပေါ်တုံ့ပြန်မှု၊ ပြန်လည်ထူထောင်မှုဟူသော အပိုင်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်မှသာ သဘာဝဘေးကို ကြံ့ကြံ့ခံတုံ့ပြန်နိုင်စွမ်းရှိသည့် လူမှုအသိုက်အဝန်း တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

သို့ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို အထူးသတိပြုကြရန် လိုအပ်ပါကြောင်းနှင့် မိုးလေဝသနှင့် ဇလဗေဒဉ္စန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်များကို အမြဲနားစွင့်ကာ ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာခြင်းဖြင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေရန် ရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ်(ရမည်းသင်း)သို့ရောက်ရှိကာ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒုတိယပါမောက္ခချုပ်က ကျောင်းဆိုင်ရာ အချက်အလက်များ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းများနှင့် ပြုပြင်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လတ်တလော ပြုပြင်ရေးလုပ်ငန်းများကိုသတ်မှတ်ကာလအတွင်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရေရှည်တွင် ငလျင်ဒဏ်ကိုကြံ့ကြံ့ခံနိုင်ရေးနှင့် ထိခိုက်မှုလျော့နည်းအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်မဆောင်၊ စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် Lab ခန်းများ၊ အလုပ်ရုံများရှိ စက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ စာကြည့်တိုက်နှင့် ဖုဆယ်ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)သို့ ရောက်ရှိကာ ကျောင်းအုပ်ကြီးက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းများ၊ ပြုပြင်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့် ကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဆောက်အအုံများ၊ ပင်မဆောင်၊ စာသင်ဆောင်များ၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ အလုပ်ရုံများနှင့် ဖုဆယ်ဘောလုံးကွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလုပ်ရုံနှင့် ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သင်ကြားသင်ယူနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ကွေ့ကျိုးပြည်နယ်အစိုးရအဖွဲ့နှင့် အာဆီယံနိုင်ငံ အသီးသီးမှ ပညာရေးခေါင်းဆောင်များ အကြိုတွေ့ဆုံပွဲသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် အခမ်းအနား တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့သို့ ဇူလိုင် ၂၄ ရက်တွင် ရောက်ရှိသည်။

ယမန်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကွေ့ကျိုးတက္ကသိုလ်သို့ သွားရောက်ရာ တာဝန်ရှိသူများက ကွေ့ကျိုးတက္ကသိုလ် နောက်ခံသမိုင်းနှင့် လက်ရှိ ဆောင်ရွက်နေသော ပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် တက္ကသိုလ်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသည့် သုတေသန ဓာတ်ခွဲခန်းများ၊ တက္ကသိုလ်စာကြည့်တိုက်များနှင့် စာသင်ခန်းများကို ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် အခမ်းအနားနှင့် စပ်လျဉ်း၍ ကွေ့ကျိုးပြည်နယ် အုပ်ချုပ်ရေးမှူးဦးစီးသည့် အစိုးရအဖွဲ့နှင့် အာဆီယံနိုင်ငံအသီးသီးမှ ပညာရေးခေါင်းဆောင်များ အကြိုတွေ့ဆုံပွဲသို့တက်ရောက်ဆွေးနွေးသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်လာသူများသည်တရုတ်-အာဆီယံ ယဉ်ကျေးမှု ဖလှယ်ပွဲသို့ တက်ရောက်ကြသည်။




၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် အခမ်းအနားကို ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# လေးမျက်နှာမြို့နယ်အတွင်း၌ သာသနိက အဆောက်အအုံများ မီးဘေးလုံခြုံရေး အသိပညာပေး

လေးမျက်နှာ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်း၏စီမံမှုဖြင့် မြို့နယ်အတွင်းရှိ သာသနိကအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယ-မီးသတ်ဦးစီးမှူး ဦးထက်ဝေဦးက ဦးဆောင်ပြီး မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို အသိပညာပေးခြင်းတို့ ဆောင်ရွက်ပြီး ကျောင်းအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ မီးသုံးစွဲမှု၊ မီးဘေးတားဆီးကာကွယ်ရေး ပစ္စည်းများ ထားသိုသုံးစွဲမှုတို့ကို စစ်ဆေးကာ လိုအပ်သည်များ လိုက်နာဆောင်ရွက်ရန် အသိပညာပေးလှော့က်ထားခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

# ကမမောင်းမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် သရုပ်ပြစမ်းသပ်မဲပေး

ကမမောင်း ဇူလိုင် ၂၆

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမမောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဖာပွန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်က အမှာစကားပြောကြားပြီး ဖာပွန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဖာပွန်ခရိုင်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့် တက်ရောက်လာသူများက စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

ကျိုက်ထို ဇူလိုင် ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားသည်။



ယင်းနောက် သထုံခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ခရိုင်ရွေးကောက်ပွဲ အရာရှိ ဦးသက်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နန္ဒာရည်ကျော်က မဲပေးစက်အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက စမ်းသပ်မဲပေး သရုပ်ပြသကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက သင်တန်းသားသင်တန်းသူ ၅၈၆ ဦးအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့၊ လက်တွေ့ သုံးရက်ကြာ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) “ဘရဏီဆောင်”နှင့် ဆေးတက္ကသိုလ်-၁ (ရန်ကုန်) “သမားဂုဏ်ရည်ဆောင်” အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) ဘရဏီကျောင်းသူဆောင်နှင့် ဆေးတက္ကသိုလ်-၁ (ရန်ကုန်)သမားဂုဏ်ရည် ကျောင်းသားဆောင် အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီတို့မှ တာဝန်ရှိသူများ၊ အငြိမ်းစားပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန် ဘရဏီဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းကာ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက်ဖွင့်ပွဲအခမ်းအနား ဒုတိယအစီအစဉ်များကို ရတုအလင်္ကာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၂)မှ တာဝန်ရှိသူက အဆောက်အအုံဆိုင်ရာ မှတ်တမ်းများ လွှဲပြောင်းပေးအပ်၍ ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)၏ သမားဂုဏ်ရည်ဆောင် ဖွင့်ပွဲအခမ်းအနားကို မင်းကျောင်းလမ်း ဒဂုံမြို့နယ်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများသည် သမားဂုဏ်ရည်ဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်ထောင်စုဝန်ကြီးက သမားဂုဏ်ရည်ဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေး၍ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်များကို ယာယီခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ရှိသူက အဆောက်အအုံဆိုင်ရာ မှတ်တမ်းများ လွှဲပြောင်းပေးအပ်ပြီး ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။



ဖွင့်ပွဲအခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကျောင်းသူ ဘရဏီဆောင်နှင့် သမားဂုဏ်ရည်ဆောင် အသစ်ဖွင့်လှစ်ခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ ယခုကဲ့သို့ အဆောင်သစ်များတိုးချဲ့ ဖွင့်လှစ်ခြင်းဖြင့် တက္ကသိုလ်အင်္ဂါရပ်နှင့် ပိုမိုပြည့်စုံညီညွတ်ပြီး တက္ကသိုလ်တစ်ခု၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်(University Ranking) တိုးတက်လာခြင်း၊ ကျောင်းသား ကျောင်းသူများ အေးချမ်းလုံခြုံစွာ ပညာသင်ကြားနိုင်ခြင်း၊ အရည်အချင်း ပိုမိုပြည့်ဝသော ဆေးပညာရှင်များမွေးထုတ်ပေးနိုင်မည်ဖြစ်ခြင်း စသည့်အချက်များကြောင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူအိပ်ဆောင်များ တည်ဆောက်ဖွင့်လှစ်ခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဦးစားပေးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့် ဘရဏီဆောင်သည် ကျောင်းသူ ၁၆၈ ဦး နေထိုင်နိုင်သည့် အကျယ်စတုရန်းပေ ၂၈၂၂၅ ရှိ လေးထပ်ဆောင်ဖြစ်ပြီး သမားဂုဏ်ရည်ဆောင်သည် ကျောင်းသား ၂၅၀ နေထိုင်နိုင်သော အကျယ်စတုရန်းပေ ၃၆၀၀၀ ရှိ RC ငါးထပ်ဆောင်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့တိုင်းရင်းဆေးခန်းများကို အွန်လိုင်းမှတစ်ဆင့် လွယ်လင့်တကူရှာဖွေနိုင်မည့် ThwetLatt Chatbot Booking System စတင်မိတ်ဆက်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာ့တိုင်းရင်းဆေးခန်းများကို အွန်လိုင်းမှတစ်ဆင့် လွယ်လင့်တကူ ရှာဖွေကုသနိုင်မည့် ThwetLatt(သွက်လက်) Chatbot Booking System စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ThwetLatt (သွက်လက်)မှ Team Leader မအေးဇာလီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Team Member များက ThwetLatt Chatbot Booking Service ကို မိတ်ဆက်ခြင်း၊ ThwetLatt ၏ ရည်မှန်းချက်နှင့် မျှော်မှန်းချက်များကို အကျဉ်းချုပ်မိတ်ဆက်ခြင်း၊ Chatbot Booking Service ၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။






ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ နာယက ဆရာကြီး ဦးအောင်မြတ်ကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

“ThwetLatt (သွက်လက်)ကို အသုံးပြုခြင်းအားဖြင့် လက်ရှိလုပ်ဆောင်နေကြတဲ့ သမားရိုးကျနည်းလမ်းတွေထက် ပိုပြီးတော့ သွက်လက် လျင်မြန်လာမှာပါ။ တိုင်းရင်းဆေးခန်းတွေ အတွက်လည်း အကျိုးရှိပြီး ပြည်သူလူထုအတွက်လည်း အကျိုးရှိနိုင်လို့ နှစ်ဦးနှစ်ဖက် အဆင်ပြေပါတယ်။ အဓိကကတော့ အချိန်အများကြီး သက်သာသွားမှာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ ဆရာကြီး ဦးသိန်းဇော်က ပြောသည်။

ThwetLatt (သွက်လက်)ကို အသုံးပြုခြင်းအားဖြင့် အနီးပတ်ဝန်းကျင်ရှိ တိုင်းရင်းဆေးခန်းများကို လွယ်လင့်တကူရှာဖွေနိုင်ပြီး ကုသချင်သည့် ရောဂါ၊ ဆေးခန်း၊ သမားတော်၊ ပြသချင်သည့် နေ့ရက်နှင့် အချိန်တို့ကို စိတ်ကြိုက်ရွေးချယ်ကာ ရက်ချိန်း (Booking) ရယူနိုင်မည့် နည်းပညာအခြေပြု ဝန်ဆောင်မှုတစ်ခုဖြစ်ကြောင်း ThwetLatt (သွက်လက်)မှ Project Leader ဖြစ်သူ ကိုနေလင်းအောင်က ပြောသည်။ **ကိုဌေး**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

# ရွှေပြည်သာမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင်လည်း ရွှေပြည်သာမြို့နယ် အတွင်းရှိ ရပ်ကွက်များ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်သည်။

**ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ရပ်ကွက်များကို အလှည့်ကျ ကွင်းဆင်းကာ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင် များနှင့်နံရံကပ်ပိုစတာများ ပေးဝေခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။



အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆေးရုံအုပ်ကြီးဒေါက်တာမြတ်မြတ်နှင်းဦးဆောင်၍ မြို့နယ်ရှိ ပြည်သူ့ကျန်းမာရေး၊ ကုသရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေမန္တလေး မြို့ယဉ်ကျေး

❀ ရောဝတီ
ရေညီဖြန့်ခင်း၊ မြတလင်းနှင့်
မင်းဝံတောင်မြေ၊ ဝန်းရစ်ခွေသော
"ရွှေမန္တလေး မြို့ယဉ်ကျေး"က
နွေးထွေးပျူငှာ၊ ကြိုဆိုပါသည်
မေတ္တာပန်းတို့ လန်းသည့်မြေ
စေတနာပန်းတို့ လျှမ်းတင့်ဝေ။
❀ ပတ္တမြားအတိ၊ စီ၏ဘိသို့
မြို့ရိုးနီနီ၊ ဝန်းပတ်လည်၍
ကြည်မြသန့်စင်၊ ကျုံးရေပြင်နှင့်
ဖြူစင်ပျံ့သင်း၊ ကြာပန်းခင်းနှင့်
ပြန့်တန်ဆောင်း၊ ရဲလောင်းရင်တား
မြို့တံခါးနှင့်
ခမ်းနားခံ့ထည်၊ ရွှေရည်ပြည့်လျှမ်း
မြနန်းစံကျော်၊ ရွှေနန်းတော်နှင့်
ထူးတင့်ကျက်သရေ၊ ဖြိုးဖြိုးဝေသော
"ရွှေမန္တလေး မြို့ယဉ်ကျေး"က
ရှေးမြန်မာပြည်၊ မင်းဌာနီ၏
ရောင်ခြည်တည့်မွန်း၊ နေသို့ထွန်းသည်
တင့်ရှန်းပေတောင်း၊ သမိုင်းကြောင်းကို
ပြန်ပြောင်းပြောပြနေဘိသည်။
ဟန်ကောင်းတင့်လှချေဘိသည်။
❀ ပန်းချိတ်ပုဆိုး၊ ရွှေချည်ထိုးနှင့်...
ပန်းမျိုးဆယ်လီ၊ ပန်းချီပန်းပု
လက်မှုစုံစွာ၊ ပန်းပညာနှင့်
မဟာဂီတ၊ ဆိုကနုယဉ်
အငြိမ့်သဘင်နှင့်
ယဉ်ကျေးမှုအစစ်၊ အမွေနှစ်တို့
ထွန်းသစ်ဖြာဝေ
"ရွှေမန္တလေး မြို့ယဉ်ကျေး"သည်
မြန်ပြည်ပုံရိပ်၊ မြန်မာ့စိတ်တို့
အရိပ်ထင်နေဆဲပါအတည်။
နှုတ်ရေးလိမ္မာ၊ ခွန်းချိုသာနှင့်
မြန်မာဆန်လှ၊ ခွန်းချိုမြတို့
ဝင်းပဝေရီ ဝဲရစ်လည်။
❀ ရာစုနှစ်များ၊ ရွှေ့ပြောင်းသွားလည်း
တို့များသာသနာ၊ တို့ဘာသာနှင့်
တို့ရွာတို့စိုး၊ တို့လူမျိုးနှင့်
တို့မိုးတို့ရေ၊ တို့စာပေနှင့်
တို့မြေတစ်လက်မ၊ ထိကမခံ
ဇာတိမာန်နှင့်...
အခြေမြင့်မြင့်၊ အနေတင့်သည်
တစ်ခေတ်ဆီက၊ "မြန်မာ့အလှ"တို့
လှစ်ဟဆိုနေ၊ မော်ကွန်းမြေတည့်
"ရွှေမန္တလေး မြို့ယဉ်ကျေး"ကို
လေးစားဦးခိုက်၊ ဂုဏ်ပြုလိုက်သည်
ကမ္ဘာတည်သမျှ တည်စေသော်။
ကြည်သာချမ်းမြ စည်ဝေသော်။ ။

ဆွေယဉ်းမာ(ရန်ကုန်တက္ကသိုလ်)

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ သွားရောက်၍ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသည့် အဆောက်အအုံများထဲမှ ပြုပြင်ပြီး ကျောင်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ ပြုပြင်ဆဲ ဆေးဆိုးနှင့် ပန်းပုံရိုက် နည်းပညာဌာန၊ သင်ကြားရေး စက်ရက်ကန်းရုံ၊ ဝန်ထမ်းအိမ်ရာတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အနီးရောင်အဆင့် သတ်မှတ်ချက် အဆောက်အအုံများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**ပေါင်းစပ်ဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးသည် နည်းပြဆရာ ဆရာမများ၊ ချည်မျှင်နှင့် အထည်အလိပ် အတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ လက်ရက်ကန်း ခြောက်လသင်တန်း၊ ရိုးရာလွန်းရာကျအချိတ် ခြောက်လသင်တန်း၊ ရွှေချည်ထိုးငွေချည်ထိုး သုံးလသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ် အတတ်ပညာဒီပလိုမာပေါင်းကူး တစ်နှစ်သင်တန်း တက်ရောက်နေကြသည့် သင်တန်းသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေး ပညာတတ်လူငယ်လူရွယ်များ ဖြစ်အောင် ကြိုးစားကြရန်၊ သမဝါယမကောလိပ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ပေါင်းကူးတက်ရောက်ခွင့်မရရှိသည့် ကျောင်းသားကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စားရိပ်သာတွင် ညနေစာ ကျွေးမွေးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မော်လမြိုင်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

**မော်လမြိုင် ဇူလိုင် ၂၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာသိကောင်းစရာ အခွန်ပညာပေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပသည်။

**လိုက်နာဆောင်ရွက်စေလို**

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဌေးအောင်က ကိုယ်ပိုင်ကျောင်း (မူလတန်း၊ အလယ်တန်း၊ အထက်တန်း)၊ ပြည်တွင်း ပြည်ပ တက္ကသိုလ်၊ ကောလိပ်များ၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ ရငွေအပေါ်တွင် ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိပြီး အခကြေးငွေယူ၍ ဝန်ဆောင်မှုလုပ်ကိုင်သူ ဆရာ ဆရာမများအနေဖြင့် နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိပါက လစာဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးသူများ၏ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ရရှိသောဝင်ငွေများအပေါ် အခွန်လွတ်ကင်းမှုများ မဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေခွန်များရရှိစေရန် ရည်ရွယ်လျက် ကျန်းမာရေးစောင့်ရှောက်ပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ နှင့်အညီ လိုက်နာဆောင်ရွက်စေလိုကြောင်း ရှင်းလင်းခဲ့သည်။

အဆိုပါအခွန်ပညာပေးရှင်းလင်းပွဲသို့ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ပညာရှင်များ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

❋ **ကျောဖုံးမှ**

နောက်ထပ် ငွေတံဆိပ်တစ်ခုကို ပြိုင်ပွဲဒုတိယနေ့ကတည်းက အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကြေးတံဆိပ်နှစ်ခုကိုမူ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက်သုံးယောက်တွဲပြိုင်ပွဲတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုးဝင်ရောက်ယှဉ်ပြိုင်ရာ လေးမျိုးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

(၃၈)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပြိုင်ပွဲကို နိုင်ငံပေါင်း ၁၉နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် ထိုင်းဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MSTAF**

# မြန်မာစံချိန်စံညွှန်းများပြင်ဆင်သတ်မှတ်ခြင်း

(ယမန်နေ့မှအဆက်)

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၉၈။ | MMS IEC 62552–2:2015+AMD1:2020 အိမ်သုံးရေခဲသေတ္တာများ – ထူးခြားသည့်လက္ခဏာများနှင့် စမ်းသပ်သည့်နည်းလမ်းများ– အပိုင်း(၂) – စွမ်းဆောင်ရည် လိုအပ်ချက်များ |
| ၉၉။ | MMS IEC 62552–3:2015+AMD1:2020 အိမ်သုံးရေခဲသေတ္တာများ – ထူးခြားသည့်လက္ခဏာများနှင့် စမ်းသပ်သည့်နည်းလမ်းများ –အပိုင်း (၃) – စွမ်းအင်သုံးစွဲမှုနှင့်ပမာဏ |
| ၁၀၀။ | MMS IEC 63294:2021 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော လျှပ်စစ်ကေဘယ်လ်များအတွက် စမ်းသပ်စစ်ဆေးနည်းလမ်းများ |
| ၁၀၁။ | MMS ISO 5151:2017+AMD1:2020 သွယ်တန်းပိုက်မပါသော လေအေးပေးစက်နှင့် အပူပေးပန့်များ – စွမ်းဆောင်ရည်စမ်းသပ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း |
| ၁၀၂။ | MMS ISO 15042:2017+AMD1:2020 အောက်ဒိုးယူနစ်တစ်ခုနှင့် အင်ဒိုးယူနစ် တစ်ခုထက်ပိုသောစနစ်ရှိသော လေအေးပေးစက်နှင့် လေအပူပေးပန့်များ – စွမ်းဆောင်ရည်စမ်းသပ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း |
| ၁၀၃။ | MMS ISO 16358–1:2013+AMD1:2019+AMD2:2024 လေဖြင့်အအေးပေးသည့် လေအေးပေးစက်နှင့် လေအပူပေးပန့် – ရာသီအလိုက် စွမ်းဆောင်ရည်အချက်များအတွက် စမ်းသပ်ခြင်းနှင့် တွက်ချက်နည်းများ – အပိုင်း (၁) – အေးမြသောရာသီအလိုက် စွမ်းဆောင်ရည်အချက်များ |
| ၁၀၄။ | MMS CISPR 15:2018+ AMD1:2024 လျှပ်စစ်ဆိုင်ရာ အလင်းပေးခြင်းနှင့် အလားတူပစ္စည်းကိရိယာများ၏ ရေဒီယိုလိုင်းနှောင့်ယှက်မှုဖြင့် လက္ခဏာများကို ကန့်သတ်မှုနှင့် တိုင်းတာမှုနည်းလမ်းများ |
| ၁၀၅။ | MMS ISO 9001:2015+AMD1:2024 အရည်အသွေးစီမံခန့်ခွဲမှုစနစ် – လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၁၀၆။ | MMS ISO 21001:2018+AMD1:2024 ပညာရေးဆိုင်ရာအဖွဲ့အစည်းများ – ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် စီမံခန့်ခွဲမှုစနစ်များ – အသုံးပြုရန်အတွက် လမ်းညွှန်မှုပါသော လိုအပ်ချက်များ |
| ၁၀၇။ | MMS ISO 37001:2025 လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်များ– အသုံးပြုရန်အတွက် လမ်းညွှန်မှုပါသောလိုအပ်ချက်များ |
| ၁၀၈။ | MMS ISO 11930:2019+AMD1:2022 အလှကုန်ပစ္စည်းတွင် အဏုဇီဝပိုးမွှားကင်းစင်စေသော ကာကွယ်မှုစနစ်ကို ဆန်းစစ်အကဲဖြတ်ခြင်း |
| ၁၀၉။ | MMS ISO 16212: 2017+AMD1:2022 အလှကုန်ပစ္စည်းများ– အဏုဇီဝဗေဒပညာရပ် – တဆေးနှင့် မှိုပါဝင်မှုကို ရေတွက်တိုင်းတာခြင်း |
| ၁၁၀။ | MMS ISO 18416:2015+AMD1:2022 အလှကုန်ပစ္စည်း– အဏုဇီဝဗေဒပညာရပ်– *Candida albicans* ပိုးမွှားကို ရှာဖွေစစ်ဆေးခြင်း |
| ၁၁၁။ | MMS ISO 22717:2015+AMD1:2022 အလှကုန်ပစ္စည်း– အဏုဇီဝဗေဒပညာရပ် – *Pseudomonas aeruginosa* ပိုးမွှားကို ရှာဖွေစစ်ဆေးခြင်း |
| ၁၁၂။ | MMS ISO 22718:2015+AMD1:2022 အလှကုန်ပစ္စည်း– အဏုဇီဝဗေဒပညာရပ် – *Staphylooccus aureus* ပိုးမွှားကို ရှာဖွေစစ်ဆေးခြင်း |
| ၁၁၃။ | MMS ISO 712–1: 2024 နှံစားသီးနှံများနှင့် နှံစားသီးနှံထွက်ကုန်များအတွက် အစိုဓာတ်ပါဝင်မှုကို တိုင်းတာသတ်မှတ်ခြင်း – ကိုးကားသည့်နည်းလမ်း |
| ၁၁၄။ | MMS ISO 10993–2:2022 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာအကဲဖြတ်ခြင်း – အပိုင်း (၂)– တိရစ္ဆာန်များ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ |
| ၁၁၅။ | MMS ISO 10993–4:2017+AMD1:2025 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း–အပိုင်း (၄)– သွေးနှင့်ဓာတ်ပြုခြင်းဖြစ်စဉ်အတွက် ရွေးချယ်ထားသော စမ်းသပ်စစ်ဆေးမှုနည်းလမ်းများ |
| ၁၁၆။ | MMS ISO 10993–7:2008+AMD1:2019 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာအကဲဖြတ်ခြင်း – အပိုင်း(၇) – ပိုးသန့်စင်ပြီးနောက် ကျန်ရှိသော Ethylene oxide အကြွင်းအကျန်များ – ပြင်ဆင်ဖြည့်စွက်ချက်(၁) – မွေးကင်းစကလေးနှင့် ကလေးငယ်များအတွက် ခွင့်ပြုပမာဏများကို အသုံးချနိုင်မှု |
| ၁၁၇။ | MMS ISO 10993–10:2021 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာအကဲဖြတ်ခြင်း – အပိုင်း (၁၀) – အရေပြားတုံ့ပြန်ဓာတ်ပြုမှုကို သိရှိခံစားနိုင်သည့် စမ်းသပ်စစ်ဆေးမှုနည်းလမ်းများ |
| ၁၁၈။ | MMS ISO 10993–12:2021 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း–အပိုင်း (၁၂)– နမူနာပြင်ဆင်ခြင်းနှင့် မှီငြမ်းသောပစ္စည်းများ |
| ၁၁၉။ | MMS ISO 10993–17:2023 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာအကဲဖြတ်ခြင်း — အပိုင်း (၁၇) – ဆေးပစ္စည်းကိရိယာအစိတ်အပိုင်းများ၏ အဆိပ်အတောက်ဖြစ်စေနိုင်မှုအန္တရာယ်ကို အကဲဖြတ်ခြင်း |
| ၁၂၀။ | MMS ISO 11607–2:2019+AMD1:2023 နောက်ဆုံးအဆင့် ပိုးသတ်ပြီးသော ဆေးပစ္စည်းကိရိယာများအားထုပ်ပိုးခြင်း –– အပိုင်း (၂) – ပုံစံပြုလုပ်ခြင်း၊ ချိပ်ပိတ်ခြင်း၊ စုစည်းခြင်းလုပ်ငန်းစဉ်များကို ဆန်းစစ်ခြင်း — ပြင်ဆင်ဖြည့်စွက်ချက် (၁) – ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချနိုင်မည့် စီမံခန့်ခွဲမှုစနစ်ကို အသုံးချခြင်း |
| ၁၂၁။ | MMS ISO 14155:2020 လူပုဂ္ဂိုလ်များတွင်ပြုလုပ်သော ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုကောင်းမွန်သောဆေးပညာဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုကျင့်စဉ် |
| ၁၂၂။ | MMS ISO 15223–1:2021+AMD1:2025 ဆေးပစ္စည်းကိရိယာများ –– အညွှန်းအမှတ်အသားများနှင့် အချက်အလက်များ ဖော်ပြခြင်းအတွက် အသုံးပြုသည့် သင်္ကေတများ — အပိုင်း(၁) – အထွေထွေလိုအပ်ချက်များ – ပြင်ဆင်ဖြည့်စွက်ချက် (၁) – နိုင်ငံ သို့မဟုတ် ဒေသအလိုက် သီးသန့်မဖြစ်စေရန် ပြုပြင်မွမ်းမံထားသော EC REP သင်္ကေတနှင့် တရားဝင်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အသုံးအနှုန်းကို ပေါင်းထည့်ခြင်း၊ |
| ၁၂၃။ | MMS ISO 15747: 2018 သွေးကြောသွင်းဆေးရည်များထည့်ရန်အသုံးပြုသည့် ပလတ်စတစ်ဘူးများ၏ မြန်မာစံချိန်စံညွှန်း |
| ၁၂၄။ | MMS IEC 60601–1 :2024 လျှပ်စစ်နှင့် အသုံးပြုရသော ဆေးပစ္စည်းကိရိယာ – အပိုင်း (၁) – အခြေခံဘေးအန္တရာယ်ကင်းရှင်းမှုနှင့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ အခြေခံမှုအတွက် အထွေထွေလိုအပ်ချက်များ (အတွဲ) |
| ၁၂၅။ | MMS IEC 60601–2–19:2020+ AMD1:2023 ဆေးဘက်ဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာ – အပိုင်း (၂) – မွေးကင်းစကလေးအတွက် Infant Incubators ၏ အခြေခံဘေးအန္တရာယ်ကင်းရှင်းမှုနှင့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစွမ်းဆောင်ရည်အတွက် အထူးလိုအပ်ချက်များ |
| ၁၂၆။ | MMS ISO 36:2020 ရော်ဘာ၊ ပေါင်းထားသောရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများတွင် အထည်ဖျင်များပေါ်၌ တွယ်ကပ်နိုင်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၂၇။ | MMS ISO 37:2024 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမို ပလတ်စတစ်ပစ္စည်းများ– Tensile stress–strain ဆိုင်ရာဂုဏ်သတ္တိများကို စစ်ဆေးတိုင်းတာခြင်း |
| ၁၂၈။ | MMS ISO 125:2020 သဘာဝရော်ဘာအစေးရည်အပျစ် – အယ်ကာလီဓာတ်ဖြစ်နေမှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၂၉။ | MMS ISO 127:2018 ရော်ဘာ၊ သဘာဝရော်ဘာစေးရည်အနှစ် – ပိုတက်ဆီယမ် ဟိုက်ဒရောဆိုက်ကိန်း စစ်ဆေးတိုင်းတာခြင်း |
| ၁၃၀။ | MMS ISO 188:2023 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမို ပလတ်စတစ်ပစ္စည်း– သက်တမ်းတိုးမှုနှင့် အပူခံနိုင်မှုစမ်းသပ်ချက်များ |
| ၁၃၁။ | MMS ISO 248–1: 2021 ရော်ဘာ၊ အစိမ်း – အငွေ့ပြန်နိုင်သော ဒြပ်ပစ္စည်းပါဝင်မှုပမာဏတိုင်းတာသတ်မှတ်ခြင်း– အပိုင်း(၁) – ကြိတ်စက်အပူအသုံးပြုသောနည်းလမ်းနှင့် အလုံပိတ်မီးဖိုအသုံးပြုသောနည်းလမ်း |
| ၁၃၂။ | MMS ISO 249:2016+AMD1:2022 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း – အညစ်အကြေး (အမှိုက်) ပါဝင်မှုကိုစစ်ဆေးတိုင်းတာခြင်း |
| ၁၃၃။ | MMS ISO 506:2020 သဘာဝရော်ဘာစေးရည်၊ရော်ဘာအနှစ် – အငွေ့ပြန်နိုင်သော ဖက်တီးအက်စစ်ကိန်းကို စစ်ဆေးတိုင်းတာခြင်း |
| ၁၃၄။ | MMS ISO 1431–1:2024 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း သို့မဟုတ် သာမိုပလတ်စတစ်ပစ္စည်းများ – အိုဇုန်းကြောင့်အက်ကွဲမှုကိုခုခံနိုင်စွမ်း–အပိုင်း (၁)– Static and dynamic strain ဆိုင်ရာစမ်းသပ်ချက် |
| ၁၃၅။ | MMS ISO 1436:2020 ဆီ (သို့မဟုတ်) ရေကို အခြေခံထုတ်လုပ်ထားသည့် ဝိုင်ယာကွန်ရက်အားဖြည့် ဟိုက်ဒရောလစ်အမျိုးအစားများတွင် အသုံးပြုသော ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ– စံသတ်မှတ်ချက်များ |
| ၁၃၆။ | MMS ISO 1656:2019 ရော်ဘာ၊သဘာဝရော်ဘာနှင့် ရော်ဘာစေးရည်၊ သဘာဝ – နိုက်ထရိုဂျင်ပါဝင်မှုပမာဏကို စစ်ဆေးတိုင်းတာခြင်း |
| ၁၃၇။ | MMS ISO 1817:2024 ပေါင်းထားသော ရော်ဘာပစ္စည်း (သို့မဟုတ်) သာမို ပလတ်စတစ်ပစ္စည်းများ အရည်များ၏ သက်ရောက်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၃၈။ | MMS ISO 1827:2022 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်းများ– Quadruple – shear နည်းဖြင့် shear modulus နှင့် rigid plates များပေါ်တွင် တွယ်ကပ်နိုင်မှုစမ်းသပ်ခြင်း |
| ၁၃၉။ | MMS ISO 2000:2020 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း – TSR များ၏ စံအရည်အသွေး သတ်မှတ်ချက်များအတွက် လမ်းညွှန်ချက်များ |
| ၁၄၀။ | MMS ISO 2004:2024 သဘာဝရော်ဘာအစေးရည် အပျစ်– ဗဟိုခွာအားသုံး (သို့မဟုတ်) ဓာတုဆေးသုံး၍ သဘာဝအစေးရည်ကို ပျစ်စေပြီး အမိုးနီးယားဖြင့် တာရှည်ခံအောင် ထိန်းသိမ်းထားသည့် အစေးရည်အပျစ်အမျိုးအစားများ– စံသတ်မှတ်ချက်များ |
| ၁၄၁။ | MMS ISO 2007:2018 ရော်ဘာ၊ ကန့်ရောစပ်ထားခြင်းမရှိသော – ပလတ်စတစ်ဂုဏ်သတ္တိတိုင်းတာသတ်မှတ်ခြင်း –ရက်ပစ်ဒ်–ပလပ်စတီမီတာနည်းလမ်း |
| ၁၄၂။ | MMS ISO 2398:2024 ရော်ဘာပိုက်များနှင့် လေဖိအား ဒဏ်ခံနိုင်ရန်အတွက် ချည်သားအားဖြည့် ထည့်သွင်းထားသောရော်ဘာပိုက်များ – စံသတ်မှတ်ချက်များ |
| ၁၄၃။ | MMS ISO 2930:2024 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း – အသားသေအညွှန်းကိန်းကို စစ်ဆေးတိုင်းတာခြင်း |
| ၁၄၄။ | MMS ISO 4079:2020 ရော်ဘာပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ –ရေ (သို့မဟုတ်) ဆီအခြေခံသော ဟိုက်ဒရောလစ်အရည်များအတွက် အသုံးပြုသည့် ချည်သားအားဖြည့်ထည့်သွင်းထားသော ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် – စံသတ်မှတ်ချက်များ |
| ၁၄၅။ | MMS ISO 4641:2024 ရေတင်ခြင်းနှင့် ရေပို့လွှတ်ခြင်းများတွင် အသုံးပြုသော ရော်ဘာပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများအတွက် – စံသတ်မှတ်ချက်များ |
| ၁၄၆။ | MMS ISO 4660: 2020 ရော်ဘာ၊ သဘာဝရော်ဘာစိမ်း – အရောင်ညွှန်းကိန်းစမ်းသပ်ခြင်း |
| ၁၄၇။ | MMS ISO 5775–1:2023 စက်ဘီးတာယာနှင့်ဘီးခွေများ– အပိုင်း (၁)– တာယာဒီဇိုင်းများနှင့် အတိုင်းအတာများ |
| ၁၄၈။ | MMS ISO 6101–3:2022 ရော်ဘာ – Atomic absorption spectrometry နည်းလမ်းကို အသုံးပြု၍ သတ္တုပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း – အပိုင်း (၃)– ကြေးနီ (copper) ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၄၉။ | MMS ISO 6101–4:2022 ရော်ဘာ –Atomic absorption spectrometry နည်းလမ်းကို အသုံးပြု၍ သတ္တုပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း – အပိုင်း (၄)– မဂ္ဂနီ(စ်) ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း |

(ဆက်လက်ဖော်ပြပါမည်)

## လှိုင်ကော်မြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်း

**လှိုင်ကော် ဇူလိုင် ၂၆**

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း ဆင်းပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန လှိုင်ကော်မူလတန်းကြိုကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကယားပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ရာ သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားကာ သင်တန်းသူများ၏ ပြသထားသော လက်ရာများကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ၂၂ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၃၀ တက်ရောက်ကာ သင်တန်းတွင် လက်မှုဖြင့်သင်ကြားနည်း၊ ကစားခြင်းဖြင့် သင်ကြားနည်း၊ တေးဂီတဖြင့် သင်ကြားနည်း၊ ပန်းချီဖြင့် သင်ကြားနည်း စုစုပေါင်း လေးနည်း၊ ဘာသာရပ် ၂၇ မျိုးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**



## နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်တက်ရောက်ခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာ ကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေး အတွက် ကျောင်းအပ်လက်ခံခြင်းကို ဇူလိုင် ၂၂ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်ဖွင့်လှစ်နိုင်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၈၅၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေး အတွက် တပ်မတော်သားများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခဲ့ခြင်းဖြစ်သည်။

**ကျန်းမာရေးစောင့်ရှောက်**

ထို့ပြင် တပ်မတော်မှဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ဆောင်ရွက်ပေး**

ယင်းအပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန် စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သန်လျင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

သန်လျင်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရေး၊ အချိန်မီထိရောက်သောကုသမှုများဆောင်ရွက်ပေးနိုင်ရေး အတွက် သန်လျင်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီး (သန်လျင်)တို့ ပူးပေါင်းကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး(သန်လျင်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် သန်လျင်ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဉာဏ်ထွန်းဦးက သွေးလွန် တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး (သန်လျင်)မှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်လှဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကုသရေးဆိုင်ရာများကို လည်းကောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီက သွေးလွန်တုပ်ကွေးရောဂါ လူနာများကို သတင်းပို့ခြင်းသည်ကာကွယ်ရေး လုပ်ငန်းများအတွက် အကျိုးပြုကြောင်း၊ လိုအပ်သည့်အခါ အချိန်မရွေး သန်လျင်ပြည်သူ့ဆေးရုံကြီးသို့ လူနာများလွှဲပြောင်းကုသနိုင်ကြောင်းနှင့် ဆေးရုံကြီးတွင်လည်း ကုသရေးဆိုင်ရာများ ပြင်ဆင်ထားရှိကြောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## ရေဖြူမြို့၌ မီးခိုးမြူငွေ့လျှော့ချခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ရေဖြူ ဇူလိုင် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်သစ်တောဦးစီးဌာနက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရေဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

**ဟောပြော**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရေဖြူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ၊ Fire Hotspot များနှင့် သစ်တောများထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစုခြင်းနည်းစနစ်များကို ဟောပြောသည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသူများအား သစ်ပင်စိုက်ပျိုးမှု လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခတ္တာ(ရေဖြူ)**



## ပြင်ဦးလွင်မြို့နယ်၌ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အကြိုဆောင်ရွက်

**ပြင်ဦးလွင် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ပြင်ဦးလွင်ခရိုင် ကုသရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဦးဆောင်သောအဖွဲ့နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ (The World Hepatitis Day– 2025) အကြိုဆောင်ရွက်ချက်များကို ပြင်ဦးလွင်မြို့နှင့် အကျဉ်းဦးစီးဌာန ၂၄ မိုင်ကုန်ထုတ်စခန်းတို့တွင် ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇူလိုင် ၂၃ ရက်က အကျဉ်းဦးစီးဌာန ၂၄ မိုင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၂၈၇ ဦးတို့အား အသည်းရောင်(စီ)ပိုး ရှိမရှိ စစ်ဆေးပေးခြင်းနှင့် အသည်းရောင်ရောဂါအကြောင်း သိကောင်းစရာများ၊ ကူးစက်နိုင်သည့်လမ်းကြောင်းများ၊ မကူးစက်အောင်ကာကွယ်ရမည့် နည်းလမ်းများ၊ ကူးစက်ခံရပါက နေထိုင်ရမည့်နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင်လည်း ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၂၅၄ ဦးတို့အား အသည်းရောင်(စီ)ပိုး ရှိမရှိစစ်ဆေးပေးခြင်းနှင့်ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်



ပေါင် ဇူလိုင် ၂၆

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် အလှပ်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ ရေရှည်တည်တံ့ဖွံ့ဖြိုးခြင်း၊ သက်ရှိတို့အတွက် ရိက္ခာများထုတ်လုပ်ပေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချပေးခြင်းတို့ကို ကမ္ဘာသူ ကမ္ဘာသားများက သတိပြုစေရန် ကမ္ဘာ့ဒီရေတောများပျက်စီးမှုနှင့်အတူ ဆက်စပ်နေသည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ငါး၊ ပုစွန်၊ ကဏန်းများနှင့် ၎င်းတို့၏ နေရင်းဒေသများ ပြုန်းတီးလာမှုများကို စနစ်တကျ ထိန်းသိမ်းရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာ presentation ရှင်းလင်းတင်ပြခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် စိုက်ပျိုးခဲ့သော ဒီရေတောစိုက်ခင်းဆိုင်ရာအချက်အလက်များနှင့် အောင်မြင်ရှင်သန်မှု အခြေအနေအား ရှင်းလင်းတင်ပြပြီး ICM အစီအစဉ်အရ ၂၀၂၂ မှ ၂၀၂၅ ခုနှစ်အထိ စိုက်ပျိုးခဲ့သည့် အုန်းပင် ၅၇၀ ရှင်သန်ဖြစ်ထွန်းနေမှုတို့အား ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒီရေတောသစ်မျိုးများ ဖြစ်သည့် ဖြူးရွှေဝါ ခြောက်ပင်၊ သမဲ့ပင် ၄၁၀၊ မဒမပင် ၃၀၀၊ ဖြူးခြေထောက်ပင် ၃၀၀၊ အိပ်မသွယ်ပင် ၃၀၀ တို့ကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ဒီရေတောသစ်မျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် တည်ထောင်စိုက်ပျိုးထားသော သမဲ့၊ ဖြူးခြေထောက် စိုက်ခင်းဧက ၁၀၀ ၏ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီ တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်



**စစ်တွေ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် ၂၀၂၅ ခုနှစ် မိုးရာသီ တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဘုမေရပ်ကွက် ရွာဂေါင်းရွာသစ် မူလွန်ကျောင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များအား စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အင်ကြင်း၊ ပိတောက်၊ ခရေ၊ ပျဉ်းမနှင့် ပျဉ်းကတိုးပင်များကို စိုက်ပျိုးကြပြီး ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့်သင်းဝင် စသည့် သစ်ပင်ပေါင်း ၁၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့နယ် ခေါင်းဒုက္ခာ (၂) IDP စခန်း၌ သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အလျား ၄၈ ပေ၊ အနံပေ ၃၀ အဆောက်အအုံ အလုံး ၄၀ ဆောက်လုပ်ခြင်းနှင့် ရေတုံကင် ၂၄ လုံး တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်၍ ခေါင်းဒုက္ခာ(၂) IDP စခန်း ပြန်လည်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခေါင်းဒုက္ခာ(၂)IDP စခန်းတွင် နေထိုင်ကြသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် စစ်တွေမြို့ စက်ရုံစုရပ်ကွက် ကန်တော်ကြီးကွင်းရှိ လယ်ယာမြေတွင် မိုးစပါးစံပြကွက်စိုက်ပျိုးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်း ကုလားဝဲတံတားအနီး၌ စိုက်ပျိုးကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က စိုက်ပျိုးမည့်ပျိုးပင်များအား ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မာလာလူးကားပင် ၃၀၀ နှင့် မအူပင် ၃၀၀ ပျိုးပင်ပေါင်း ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



# အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ကဝ ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူး၍ ပဲခူးမြို့နယ်သစ်တောဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ကဝမြို့နယ် ဘန်ဒါကျေးရွာအနီး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ကဝမြို့နယ် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ သက္ကလမြို့အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ဖြူးခြေထောက် ၁၈၀၀ နှင့် ဘန်ဒါကျေးရွာအနီး၌ အုန်းပင် ၃၀ အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြဝတီမြို့ ရေဘေးကယ်ဆယ်ရေးစခန်းရှစ်ခု၌ ရေဘေးသင့်ပြည်သူ ၄၈၈၂ ဦးအား လှူဒါန်းထောက်ပံ့ပေးလျက်ရှိ

မြဝတီ ဇူလိုင် ၂၆

ကရင်ပြည်နယ် မြဝတီမြို့ ရေဘေးကယ်ဆယ်ရေးစခန်းရှစ်ခုတွင် ပြောင်းရွှေ့နေထိုင်ကြသော ရေဘေးသင့်ပြည်သူ ၄၈၈၂ ဦးအား ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက အုပ်ချုပ်၊ ထောက်ပံ့မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**လှူဒါန်းပစ္စည်းများအား ပေးအပ်**

ယင်းသို့ ဆောင်ရွက်ရာ၌ ယနေ့နံနက် ၁၀ နာရီတွင် အမှတ် (၃) ရပ်ကွက်ရှိ မိဋ္ဌာန်အောင်ဘုန်းကြီးကျောင်း၊ ဓမ္မရန်အောင်ဘုန်းကြီးကျောင်း အမှတ်(၄)ရပ်ကွက်ရှိ ကြခတ္တာတောဘုန်းကြီးကျောင်း၊ တောရဘုန်းကြီးကျောင်းနှင့် ဟေမာန်ဦးဘုန်းကြီးကျောင်း၊ အမှတ်(၅) ရပ်ကွက်ရှိ ကိုးနဝင်းဘုန်းကြီးကျောင်း၊ ရေပူတောင်ပေါ်ကျောင်းနှင့် ဖားခြောက်ကောင် ဘုန်းကြီးကျောင်းစသည့် ကယ်ဆယ်ရေးစခန်းရှစ်ခု၌ ပြည်သူများလက်ဝယ်အရောက် လှူဒါန်းပစ္စည်းများအား ပေးအပ်ခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြဝတီမြို့ရှိ နယ်ခြားစောင့်တပ်(BGF)၊ နယ်စပ်ကုန်သွယ်ရေးများအသင်းနှင့် ဒေသ



အတွင်းရှိ လုပ်ငန်းရှင်များစုပေါင်း၍ အလှူငွေများ၊ စားသောက်ကုန်ပစ္စည်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လိုအပ်သည့် ထောက်ပံ့မှုများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိုင်း-ကမ္ဘောဒီးယားအရေး ဆွေးနွေး



ကုလသမဂ္ဂ ဇူလိုင် ၂၆

ထိုင်း-ကမ္ဘောဒီးယား နှစ်နိုင်ငံကြား ဖြစ်ပွားလျက်ရှိသည့် တင်းမာမှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက တံခါးပိတ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံက ချက်ချင်းအပစ်အခတ်ရပ်စဲရေးတောင်းဆိုလျက်ရှိစဉ် ထိုင်းနိုင်ငံက နှစ်နိုင်ငံဆွေးနွေးပွဲများမှတစ်ဆင့် ဖြေရှင်းရန်တောင်းဆိုကြောင်း သိရသည်။

ကမ္ဘောဒီးယားအစိုးရ၏ တောင်းဆိုချက်အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအနေဖြင့် ခြွင်းချက်မရှိအပစ်အခတ်ရပ်စဲရန်နှင့် အငြင်းပွားမှုအား ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် ကုလသမဂ္ဂဆိုင်ရာ ကမ္ဘောဒီးယား သံအမတ်ကြီးက တောင်းဆိုခဲ့ကြောင်း သတင်းထောက်များကို ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်ကိုယ်စားလှယ်များကလည်း သံတမန်နည်းလမ်းအရ ကိုင်တွယ်ဖြေရှင်းရန် နှစ်နိုင်ငံစလုံးကို တောင်းဆိုခဲ့သည်။

နှစ်နိုင်ငံ နယ်နိမိတ် အငြင်းပွားနေသောဒေသ၌ ဇူလိုင် ၂၄ ရက်တွင် အပြန်အလှန်ပစ်ခတ်မှုများ စတင်ဖြစ်ပွားခဲ့ရာမှ ထိုင်းဘက်မှ ၁၄ ဦးသေဆုံးကြောင်း ထိုင်းအာဏာပိုင်များက ပြောကြားပြီး ကမ္ဘောဒီးယားဘက်မှ အရပ်သား ရှစ်ဦးအပါအဝင် ၁၃ ဦး သေဆုံးကြောင်း ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အီရန်နျူကလီးယားအရေးနှင့်ပတ်သက်ပြီး အီရန်နှင့် ဥရောပနိုင်ငံများ ဆွေးနွေး

တီဟီရန် ဇူလိုင် ၂၆

အီရန်နျူကလီးယားအရေးနှင့်ပတ်သက်ပြီး အီရန်နှင့် ဥရောပနိုင်ငံများက တူကီယဲနိုင်ငံ၌ ယမန်နေ့တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အီရန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိအရာရှိများသည် တူကီယဲနိုင်ငံရှိ အီရန်ကောင်စစ်ဝန်ရုံး၌ လေးနာရီနီးပါကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။




အီရန်က ၎င်း၏နျူကလီးယားသန့်စင်ရေးအစီအစဉ်ကိုဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ခိုင်မာစွာပြောကြားခဲ့သည်။

သို့သော် ဩဂုတ်လကုန်တွင် သဘောတူညီချက်တစ်ခု မရရှိပါက ၂၀၁၅ ခုနှစ်တွင် ရုပ်သိမ်းခဲ့သည့်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ပိတ်ဆို့မှုများကိုအလိုအလျောက်ပြန်လည်ချမှတ်မည့် အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥရောပအင်အားကြီးနိုင်ငံများက သတိပေးပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်ရန်နှင့် ယူရေနီယံ သတ္တုကြွယ်များ၏ တည်နေရာကိုဖော်ပြရန် ၎င်းတို့က အီရန်အား တိုက်တွန်းပြောကြားသည်။

အီရန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာဇမ်ဂါရီဘာဘာဒီက ဆွေးနွေးပွဲများသည် လေးနက်ပြတ်သားပြီး အသေးစိတ်ကျကြောင်းနှင့် တီဟီရန်၏ နျူကလီးယားဆိုင်ရာ အခြေခံရပ်တည်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း ၎င်း၏ လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားခဲ့သည်။

ဥရောပ ကိုယ်စားလှယ်များကလည်း အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆက်လက်ညှိနှိုင်းရန် သဘောတူညီခဲ့ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့်လတွင် အစ္စရေးနှင့် အမေရိကန်တို့က အီရန်နျူကလီးယား စက်ရုံများကို တိုက်ခိုက်ခဲ့ပြီးနောက် အီရန်၏ နျူကလီးယား အစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲများ ရပ်တန့်သွားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်က ဂျပန်ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် ၁၅ ရာခိုင်နှုန်း ကောက်ခံမည်

ဝါရှင်တန် ဇူလိုင် ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျပန်ကုန်ပစ္စည်းများအပေါ် စည်းကြပ်ခွန် ၁၅ ရာခိုင်နှုန်း ချမှတ်မည်ဖြစ်ကြောင်း ယမန်နေ့တွင် ပြောကြားသည်။

ဂျပန်နိုင်ငံက အမေရိကန်၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၅၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အဆိုပါလုပ်ငန်းများမှရရှိသည့် အမြတ်ငွေ၏ ၉၀ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံက ရရှိမည်ဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံ၌လည်း အလုပ်အကိုင်ပေါင်း ရာနှင့်ချီ၍ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ဆက်လက်ပြောသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာထံ မကြာသေးမီကပေးပို့သောစာတွင် ထရမ့်က ဂျပန်အပေါ် အပြန်အလှန်အကောက်ခွန်ကို ဩဂုတ် ၁ ရက်မှ စတင်ကာ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်ဟု ပြောကြားပြီး အဆိုပါ ပမာဏသည် ဧပြီ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် အခွန် ၂၄ ရာခိုင်နှုန်းထက် ပိုမိုများပြားကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၆၈ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး ဂျပန်နိုင်ငံမှ သွင်းကုန်စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၂ ဘီလီယံနှင့် အမေရိကန်မှ ဂျပန်နိုင်ငံသို့ တင်ပို့မှုမှာ ၇၉ ဒသမ ၇ ဘီလီယံဒေါ်လာရှိကြောင်း သိရသည်။ ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ရုပ်ကြွင်းလောင်စာမှ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲသည့် အရွေ့သို့ကူးပြောင်းနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြောကြား

နယူးယောက် ဇူလိုင် ၂၆

ကမ္ဘာကြီးသည် ရုပ်ကြွင်းလောင်စာသုံးစွဲခြင်းမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲသည့် အရွေ့သို့ကူးပြောင်းနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

အဆိုပါထုတ်ပြန်ချက်အား အပြည်ပြည်ဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အေဂျင်စီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ထုတ်ပြန်ခြင်းဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုနည်းပါးလာပြီး သန့်ရှင်းသည့် စွမ်းအင်သုံးစွဲသည့်ခေတ်ရောက်ရှိလာကြောင်း ၎င်းက ပြောကြားသည်။

လေ့လာချက်အရ ရုပ်ကြွင်းလောင်စာထက်ဆိုလာစွမ်းအင်သည် ဈေးနှုန်းအရ ၄၁ ရာခိုင်နှုန်းအထိ ဈေးသက်သာကာ လေအားလျှပ်စစ်သည် ၅၃ ရာခိုင်နှုန်းအထိ ဈေးသက်သာကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားသည်။ ထို့ပြင် ဆိုလာစွမ်းအင်ဖြင့်လျှပ်စစ်ထုတ်လုပ်ခြင်းကို သမားရိုးကျ လျှပ်စစ်ထုတ်လုပ်၍ မရသည့်နေရာများတွင် အစားထိုး၍ရသည့်အားသာချက်ရှိကြောင်း ဂူတာရက်စ်က မှတ်ချက်ပြုပြောကြားသည်။ သမားရိုးကျ လျှပ်စစ်ဓာတ်အားပေးလိုင်းများ တည်ထောင်မည့်ကုန်ကျစရိတ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေး ရာနှုန်းပြည့် ဆောင်ရွက်နိုင်သည့် ဒေတာစင်တာများတည်ထောင်ခြင်း၏ ကွာခြားချက်ကို နှိုင်းယှဉ်ပြကာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရာနှုန်းပြည့် သုံးစွဲသည့် ဒေတာစင်တာများတည်ထောင်ဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်း Co-may ဝင်ရောက်တိုက်ခတ်၊ ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွား



မနီလာ ဇူလိုင် ၂၆

ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်း Co-may ဝင်ရောက်တိုက်ခတ်မှုကြောင့် နိုင်ငံမြောက်ဘက်ပိုင်း လူဇုန်ကျွန်းကုန်းတွင်းပိုင်းတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တိုင်ဖွန်း Co-may က ပန်ဂါဆီနန်ပြည်နယ်ရှိ အဂါနိုမြို့သို့ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ (၇၄ မိုင်) နှုန်းဖြင့် ဇူလိုင် ၂၄ ရက်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည်။

ဇူလိုင် ၂၅ ရက်မွန်းလွဲပိုင်းတွင် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အနည်းငယ်အားပျော့သွားခဲ့ကြောင်း သိရသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၅ ဦး သေဆုံးပြီး ရှစ်ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ပြောသည်။ ဒေသခံပြည်သူ ၃ ဒသမ ၈ သန်းကျော် ထိခိုက်ခံစားရပြီး ပြည်သူ ၂၇၈၀၀၀ ခန့်မှာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည်။

မြို့တော်မနီလာ၌ လူနေအိမ်တချို့ ရေမြုပ်ခဲ့ပြီး စာသင်ကျောင်းများနှင့် အစိုးရရုံးများလည်း ယာယီပိတ်ထားကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်မှုကြောင့် နိုင်ငံအနှံ့အပြားတွင် မိုးဆက်လက်ရွာသွန်းမည်ဖြစ်ကြောင်း တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၌ နောက်ထပ် အပူပိုင်းမုန်တိုင်း တစ်ဒါဇင်ကျော် ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ရာသီဥတုပညာရှင်များက ခန့်မှန်းပြောကြားသည်။

ဖိလစ်ပိုင်သည် နှစ်စဉ် တိုင်ဖွန်းနှင့် မုန်တိုင်း အကြိမ် ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိပြီး ငလျင်နှင့် မီးတောင်ပေါက်ကွဲမှုဒဏ်ကို မကြာခဏကြုံတွေ့ရသည့် ကမ္ဘာ့သဘာဝဘေးအန္တရာယ် အခံရဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

ဇူလိုင် ၂၄ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၃၈၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းအမျိုး ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၉၉၀၂)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၆၅၉၉၀၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဇူလိုင် ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန် သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှဝေါမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မြစ်သားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဒေါင်းဇရပ်ကင်းမွန်ခြံရပ်ကွက် အိမ်အမှတ်(၉၃၄)၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ၉၁ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၇၇၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၇ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၂၂၆၉၀၂)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်ခဲ့**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thet N O” Facebook အကောင့်နှင့် “Thet N O” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၆)ရပ်ကွက်နေ သက်နိုင်ဦးအား ည ၆ နာရီ ၂၅ မိနစ်တွင် တောင်ကြီးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✤ Futsal Champion Cupမှ**

ယခုပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် Winner Generations အသင်းသည် ကွာတားဖိုင်နယ်မှစတင်ကာ နာမည်ကြီးအသင်းများကို တောက်လျှောက်အနိုင်ယူကာ ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။ Winner Generations အသင်းသည် ကွာတားဖိုင်နယ်တွင် YCDC MHDT အသင်း၊ ဆီမီးဖိုင်နယ်တွင် YRG အသင်း၊ ဗိုလ်လုပွဲတွင် MIU အသင်းတို့ကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ MIU အသင်းမှာမူ ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းသော်လည်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ တတိယလုပွဲတွင် YRG အသင်းက TG United အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆု ရရှိခဲ့သော YRG FC အသင်းကို ဆုဖလားနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆု ရရှိခဲ့သော Winner Generations အသင်းမှ ကျော်ရဲသွေးကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိခဲ့သော Winner Generations FC မှ ထွဋ်ထွဋ်လွင်ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ စတုတ္ထဆု ရရှိခဲ့သော TG United FC အသင်းကို ဆုကြေးငွေကျပ် ၁၅ သိန်း၊ တတိယဆု ရရှိသော YRG FC အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆု ရရှိသော MIU FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ချန်ပီယံ ဖြစ်ခဲ့သော Winner Generations အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်းနှင့် ချန်ပီယံ ဆုဖလားတို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၂၇-၇-၂၀၂၅ တနင်္ဂနွေနေ့**

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | စာဖတ်သူတို့အတွက် စာကြည့်တိုက်များရဲ့ အခန်းကဏ္ဍ |
| ၀၉:၁၅ | ကာတွန်းအစီအစဉ် **‘ချစ်စရာ သိုးဖိသားစု’** (အပိုင်း-၁၂) |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၂၀ | ‘ဂုလိုင်မိုး’ တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှု အစီအစဉ် |
| ၁၁:၄၀ | အသိပညာနှင့်အမှန်တရား |
| ၁၂:၃၅ | This Week's Special Interest |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဝန္တဝင်ရုပ်ရှင် **‘နှင်းဆီနီအိပ်မက်’** |
| ၁၆:၄၀ | Sports Diary |
| ၁၇:၁၀ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၃၅ | လှပကောင်းမွန်သော နယ်စပ်ခရီး (အပိုင်း-၄) |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဂင် |
| ၁၈:၄၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **‘မုသားနောက်ကွယ်’** (အပိုင်း-၂၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ကြွေလည်းဝေမြဲ တမ်းတဆဲ ‘စာဆိုတော်အလင်္ကာကျော်စွာဒွေးတိုင်ညွန့်’ (၁၉၀၉-၁၉၄၅) (အပိုင်း-၂) |
| ၂၁:၃၀ | ဆေးရောင်စုံရုပ်ရှင် **‘ငွေမိုး’** |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Te Ja Su Ne Ma |
| 07:09 | Smiling Buddha |
| 07:33 | Tech Digest |
| 07:42 | Mote Khwe Late from Intaing Village |
| 07:51 | Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge |
| 08:01 | News |
| 08:47 | Commercial Farming to GDP Growth, Water-Spinach Grower |
| 09:01 | Worth Keeping Treasure of Anyar |
| 09:33 | Today Myanmar |
| 09:43 | Diorama |
| 09:55 | Friendly Cloud |
| 10:01 | News |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၀ | တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်) |
| ၀၆:၄၅ | မြန်မာသံစဉ်တေးများ |
| ၀၇:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **‘မုသားနောက်ကွယ်’** (အပိုင်း-၄) |
| ၀၇:၅၀ | စတီရီယိုတေးများ |
| ၀၈:၁၅ | ဇာတ်သဘင် **‘တံခါးမှူးဒွတ္တဇာတ်တော်ကြီး’** (ဒုတိယပိုင်း) |
| ၀၉:၃၅ | ချစ်စရာအရွယ်ကစားကြမယ် |
| ၁၀:၀၅ | မြန်မာရုပ်ရှင် (ဆေးရောင်စုံ) **‘ငအောင်မြင့်သောင်း’** |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဘူးသီးထဲကလူမျိုးများ(ပုံပြင်)

**ဝကကကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၉)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာလူပျိုကြီးကြက်သားသုပ်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဘဝအမောပြေနေ့ရက်များပန်တီခြင်းပုံရိပ်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဇီးဖြူသီးနှင့်ကျန်းမာရေး

**ချင်း (ချိူး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှားပါးသတ္တဝါတို့ရဲ့မှုရင်းဌာနေဒေါ်နူး(မ်)သုမ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင်များ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရီအုန်းတောင်သူရှိ၏ဘဝ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ညီမွန်းယွန်းနှင့်တွေ့ဆုံခြင်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အိမ်မက်လမ်းသို့ခရီးရှည်(ဒီးလာဝါဇီကျေးရွာမှ အတာတော်ကျေးရွာသို့)(အပိုင်း-၂)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၁၅ | Next Level |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၀:၄၅ | စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ကိုရီးယားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို **‘တနာတတ်သူတာဝန်ယူ’** |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (စင်ကာပူနိုင်ငံ) |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ) |
| ၁၁:၀၀ | ရွှေသို့ချိမည်ပန်းတိုင်ဆီ (အပိုင်း-၇၂) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | မြန်မာ့ပုလဲဆန်လိုတင်စားပေါ်ဆန်းစပါး |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Modern Agriculture Machines That Are At Another Level 4 |
| ၁၈:၃၅ | The Birth Of Sake |
| ၂၀:၀၀ | ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် (ဇာတ်လမ်း) |
| ၂၂:၀၀ | Harchi A dog's Tale (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Weekly Sports Info |
| ၀၇:၄၅ | Weekend News |
| ၁၂:၀၀ | Carabao Futsal Champion Cup 2025 United City Vs Pyae Sone |
| ၁၇:၀၀ | အားကစားသတင်း |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂၆

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦး၊ တရုတ်နိုင်ငံသားတစ်ဦး၊ အီသီယိုးပီးယားနိုင်ငံသားတစ်ဦးနှင့် အိန္ဒိယနိုင်ငံသားတစ်ဦး စုစုပေါင်း ၂၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၂၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၆၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၁ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❂ ဆလုံတောင်ကျွန်းမှ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနု၊ မမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော(နံ့ဖြူး)ငှက်နှင့် ခနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၄၅ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၅ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၀ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၃၅ |
| 95 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၀ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၀ | ၂၇၈၀ | - | ၃၀၇၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၀ | ၂၈၅၅ | ၃၁၁၀ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၆ | ၂၈၅၅ |
| 95 Ron | ၂၈၂၁ | ၂၉၁၁ |
| HSD (500 ppm) | ၂၅၄၈ | ၂၆၂၈ |
| HSD (50 ppm) | ၃၁၇၆ | ၃၂၆၉ |
| HSD (10 ppm) | ၃၁၇၆ | ၃၂၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဧရာဝတီတိုင်းဒေသကြီး၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ပုသိမ် ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၂၄ ရက်မှစတင်၍ သက်ဆိုင်ရာ ခရိုင်/ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မိုး/ဇလဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဝိဖာမုန်တိုင်းကြောင့် မြန်မာနိုင်ငံအတွင်း နေရာစိပ်စိပ်မှ ဒေသအလိုက် မိုးကြီးပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်ကာ အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့်လပွတ္တာမြို့နယ်များရှိ မြစ်ကမ်းဘေးနှင့် အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသောပြည်သူများအား ရေဘေးသတိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဘေးလွတ်ရာနေရာများသို့ ကြိုတင်ပြောင်းရွှေ့နေထိုင်ကြရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ဝါးခယ်မမြို့နယ်၌ မြေပြင်ရှိ လူဦးရေစာရင်းများ မှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေး

ဝါးခယ်မ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ လူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို ဇူလိုင် ၂၄ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မနောသုခ ခန်းမတွင် ပြုလုပ်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တိုက်နယ်မှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ မြေပြင်နှင့်တိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပြီး မြို့နယ်မြေပြင်ကွင်းဆင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်တို့က လုပ်ငန်းများ အချိန်မီပြီးစီးအောင်မြင်စေရေး ကြီးကြပ်ကွပ်ကဲကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)

# ကျုံပျော်မြို့၌ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ၏ ခေါင်းဆောင်များ တွေ့ဆုံ

ကျုံပျော် ဇူလိုင် ၂၆

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ၏ သာသနာ/အသင်းတော် ခေါင်းဆောင်များ တွေ့ဆုံခြင်းနှင့် ငြိမ်းချမ်းရေးဆုတောင်းခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မြို့မပိုးကရင်ခရစ်ယာန်နှစ်ခြင်း ဘုရားရှိခိုးကျောင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ် နှင့် ခရစ်ယာန်အသင်းတော်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာဦးမောင်မောင်ဝင်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာဝိုင်အမ်စီအေ)က အဖွင့်ဆုတောင်းစကားပြောကြားပြီး "အိုသာယာသော မြန်မာပြည်" ဓမ္မသီချင်းအား စုပေါင်းသီဆိုကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းစည်းလုံးလုံး ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်သွားကြစေလိုကြောင်း ဩဝါဒအမှာစကား ပြောကြားကာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ဂုဏ်တော်ချီးမွမ်းခြင်းကို ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက တရားဒေသနာများဟောကြားကာ Bishop ဦးမြတ်ဆန်းက ငြိမ်းချမ်းရေးအတွက် အထူးဆုတောင်းခြင်းကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျေးဇူးတင်စကားပြောကြားခြင်း၊ ငြိမ်းချမ်းရေးအတွက် အဖဘုရားသခင်ကိုယ်တော်မြတ်ထံ ဖယောင်းတိုင်မီး ထွန်းညှိပူဇော်၍ အထူးဆုတောင်းခြင်း၊ ကောင်းချီးပေးခြင်းနှင့် တက်ရောက်လာသူများက "မူတော်ဆောင်ရွက်ကျူး" ဓမ္မသီချင်းသီဆို၍ ကျေးဇူးတော် ချီးမွမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းတုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပါအဝင် မြို့နယ် (၁၇)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၊ တာလေမြို့၊ မိုင်းဆတ်မြို့၊ မိုင်းယောင်းမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၊ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သုံးခွမြို့နယ်၌ UID ကတ်များ ဆောင်ရွက်ပေး

သုံးခွ ဇူလိုင် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူးရုံး၌ သန်လျင်ခရိုင် (လဝက)ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်သည် ဇူလိုင် ၂၄ ရက်က ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဦးစွာ သန်လျင်ခရိုင် (လဝက)ဦးစီးမှူး ဦးမောင်မောင်က အမှာစကားပြောကြားသည်။ ထို့နောက်သုံးခွမြို့နယ်(လဝက) ဦးစီးမှူး ဦးထွန်းဆွေက မဲစာရင်းမှန်ကန်ရေးဆောင်ရွက်ထားရှိမှုနှင့် ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကွင်းဆင်းဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ခရိုင်ဦးစီးမှူးကလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍သန်လျင်ခရိုင်(လဝက)ဦးစီးမှူး ဦးမောင်မောင်သည် နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ UID ကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ရေးမြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် မြသီတာဈေးအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေး

ရေး ဇူလိုင် ၂၆

မွန်ပြည်နယ် ရေးမြို့နယ်အနေဖြင့်မြို့အင်္ဂါရပ်နှင့်အညီသန့်ရှင်းသာယာလှပစေရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၇ နာရီက ရန်ကြီးအောင် ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက်နှင့် မြသီတာဈေးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေးကို ရေးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ရေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းနှင့်ခရိုင်စီမံအဖွဲ့ဝင်များ၊(ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကမ်းနားလမ်းလမ်းဘေးဝဲ/ယာတစ်လျှောက် အမှိုက်များ ရှင်းလင်းပေးခြင်း၊ လမ်းဧရိယာနှင့် မလွတ်သည့် သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ဈေးသူ / ဈေးသားများအား အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေးအတွက် အမှိုက်ပုံးအရောင် အမျိုးအစားအလိုက် ခွဲခြားသတ်မှတ် ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြပေးခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက်တာဝန်ရှိသူများသည် ဈေးအတွင်း/အပြင်ရောင်းချလျက်ရှိသည့် ဈေးဆိုင်များကို လိုက်လံကြည့်ရှုပြီး ဈေးတာဝန်ခံအား အများပြည်သူအသုံးပြုသည့် ရေတွင်း/ ရေကန်များ အစရှိသည့် နေရာတို့၌ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ထားရှိရန် မှာကြားသည်။ ရေးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏ စုပေါင်းအားဖြင့် အများပြည်သူ အကျိုးပြုလုပ်ငန်းများကို အပတ်စဉ်စနေနေ့တိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ ပြုပြင်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၂၆

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်းတို့တွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စုပေါင်းဝန်ထမ်းအိမ်ရာများ၊ အခြေခံပညာကျောင်းနှင့်ရုံးများ ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဝင်းအတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး ပြုပြင်ပြီးစီးသည့်တိုက်အမှတ် (၂၀)၊ (၂၁)နှင့် (၂၂)တို့တွင် ဝန်ထမ်းများပြန်လည်နေရာချထားပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နေထိုင်ကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ အဆိုပါ ဝန်ထမ်းအိမ်ရာဝင်းအတွင်း ဝန်ထမ်းများက မိမိတို့အိမ်ရာအလိုက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများ နေထိုင်မှု အဆင်ပြေစေရန်၊ သောက်သုံးရေနှင့် လျှပ်စစ်မီး ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးရန်နှင့် အိမ်ရာဝင်းရှိ မြေလွတ်နေရာများတွင် သီးပင်စားပင်များစိုက်ပျိုးကြရန် ဝန်ထမ်းများနှင့် တာဝန်ရှိသူများအား မှာကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# နမ့်စန်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား / အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့နယ် ကျောက်တိုင်အားကစားကွင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)အသင်းနှင့် ပန်းပျိုးရတနာမြေ ကိုယ်ပိုင်အထက်တန်းကျောင်း အသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)(အမျိုးသား)အသင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(လွိုင်ငင်းကြီး) (အမျိုးသမီး)အသင်းတို့အား ဒိုင်းဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အမျိုးသားအသင်းတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းနှင့် အမျိုးသမီးအသင်းတွင် ပြိုင်ပွဲဝင်အသင်း ခြောက်သင်းတို့ဖြင့် ဇူလိုင် ၁၁ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီက အမှတ်(၅)၊ အမှတ်(၁၅၆) ရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းနှင့် နေအိမ်များတွင် ဆောင်ရွက်ခဲ့ကြသည်။



မိုးဦးရာသီတွင် ပိုးလောက်လမ်းမှတစ်ဆင့် ခြင်ပေါက်ပွားမှုများပြားလာနိုင်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်မှ ကင်းဝေးစေရန် ရေသိုလှောင်ကန်များ၊ ရေတိုင်ကီနှင့် ကျောက်စည်ပိုင်းများကို အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများနှင့် အသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းကို မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလွဲလွဲဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပြည်သူ့ ကျန်းမာရေးဌာနမှ မြို့နယ်တာဝန်ခံ ဦးချမ်းလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းကြည်ရွှေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းပြီး အဖွဲ့များခွဲကာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အေးမဉ္ဇူ



# ဇီးကုန်းမြို့နယ်၌ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ဇီးကုန်း ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်နှင့် မဏ္ဍိုင်ငွေစုငွေချေးသမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အထက(ဇီးကုန်း) ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိဦးရဲထွဋ်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းမြတ်ရွှေစင်က အစည်းအဝေးကျင်းပရခြင်းရည်ရွယ်ချက်နှင့် အသင်းအား ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြခဲ့ရာ တက်ရောက်လာသူများ၏ သိရှိလိုသည့် ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# စိုက်ပျိုးလုပ်ကိုင်သူများအားလုံး လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ သိရှိလိုက်နာရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆

တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးလုပ်ကိုင်သူများအားလုံး လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ထဲထဲဝင်ဝင်သိရှိလိုက်နာရေးနှင့် ဥပဒေ၏အကာအကွယ်နှင့် အထောက်အပံ့ကို ခံယူနိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းလမ်းစုံဖြင့်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ပညာရှင်များက "မြေသြဇာဥပဒေအကြောင်း သိကောင်းစရာ"ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို တောင်သူများ သိရှိနားလည်ရန် လိုအပ်ကြောင်း၊ မြို့နယ်တိုင်းရှိ ကျေးရွာရပ်မိရပ်ဖများအား စိုက်ပျိုးရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့်ပတ်သက်၍ မိတ်ဆက်ပေးကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာတိုင်းတွင် သတင်းအချက်အလက်ရရှိရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်အသုံးပြုခြင်း၊ တောင်သူများပါဝင်သည့် သီးနှံစုံရောင်းချသော အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ တည်ထောင်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် မျိုးစေ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်မျှဝေခြင်း၊ မျိုးစေ့ရောင်းချခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေလိုကြောင်း၊ တောင်သူကြီးများအား အထူးမှာကြားလိုသည်မှာ စိုက်ပျိုးသည်မှရိတ်သိမ်းသည်အထိ အလေအလွင့်နည်းအောင် စနစ်တကျဆောင်ရွက်ခြင်း၊ ရေကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ စပါးနှစ်သီးစိုက်ခင်းများတွင် စပါးရိုးပြတ်များကို ရေမြှုပ်၍ ထယ်ရေးပြင်ခြင်းသည် မြေဆီလွှာမှ မီသိန်းဓာတ်ငွေ့ထွက်ရှိမှုကို အားပေးခြင်းဖြစ်၍ ရှောင်ကျဉ်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားအစီအစဉ်မှ အခြောက်ခံစက်များ ထူထောင်နိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်တစ်ဦးက မြေသြဇာဥပဒေအကြောင်းသိကောင်းစရာများ၊ မြေသြဇာဥပဒေပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ မြေသြဇာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြေသြဇာကော်မတီဖွဲ့စည်းခြင်း၊ မြေသြဇာနည်းပညာအဖွဲ့၊ စစ်ဆေးရေးအဖွဲ့၊ မြေသြဇာမှတ်ပုံတင်လက်မှတ်၊ မြေသြဇာသိုလှောင်လိုင်စင်နှင့် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်လျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပြီး လန်ချန်း၊ မဲခေါင်တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့လာသည့် ပညာပေးဗီဒီယိုအား ပြသသည်။

(၇၆) ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ နေပြည်တော် ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ လယ်ဝေး၊ တပ်ကုန်းနှင့် ပျဉ်းမနားမြို့နယ်များမှ တောင်သူများ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရှင်နှင့် တောင်သူများက zoom ဖြင့် ပါဝင်တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်



မိတ္ထီလာ ဇူလိုင် ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနသည် စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်းအထူးကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည်စိုးသည် တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာမြို့နယ် လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာနေ တက်သစ်စ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားတောင်သူ ဦးမောင်နီ၏ လယ်မြေများ၌ စီမံကိန်းသီးနှံဖြစ်သော မိုးဝါများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယညွှန်ကြားရေးမှူးချုပ်က သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်ပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးရေး၊ သွင်းအားစုများ သုံးစွဲမှုနည်းစနစ်မှန်ကန်စေရေး၊ အချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေး၊ အစာအာဟာရများ သတ်မှတ်အချိုးအစားအတိုင်း ထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ဒေးဒရဲမြို့နယ်၌ အောင်နိုင်တိုးမျိုးစပါး စိုက်ပျိုး

ဒေးဒရဲ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်း စမ်းသပ်စိုက်ပျိုးထားသည့် ဒေသမျိုးရင်း ပေါ်ဆန်း ၁၁ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ကို ယနေ့နံနက် ၉နာရီက ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ပြီး ဈေးကွက်ဝယ်လိုအားရှိပြီး ဆန်အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဒေသမျိုးရင်းဖြစ်သည့် ပေါ်ဆန်းစပါးမျိုးစေ့ထုတ်ကေများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်၍ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ကေများတွင် ပန်းတိုင်အထွက်နှုန်းပိုမိုတိုးတက်စေရေး၊ ရေမြေဒေသနှင့် ကိုက်ညီသည့်မျိုးစပါးများကို တောင်သူများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ အထွက်နှုန်း အမြင့်မားဆုံးရရှိနိုင်မည့် အောင်နိုင်တိုးမျိုးစပါး စံပြကွက်စိုက်ပျိုးသရုပ်ပြပွဲအခမ်းအနားကို ချောင်းဖျားကျေးရွာအုပ်စု တောင်သူ ဦးကျော်မင်း၏ ကွင်းအမှတ် (၂၄၈)၊ ဦးပိုင်အမှတ် (၁၅/၁) မိုးစပါးစိုက်ပျိုးလယ်မြေ၌ ဆက်လက်ကျင်းပရာ အမှတ် (၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ စိုက်ပျိုးရေးအထူးပြု ကျောင်းသား ကျောင်းသူများက ကွင်းလက်တွေ့ သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

# ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပွင့်ဖြူ ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၇၅ ဒသမ ၀၄၈ သန်းဖြင့် တင်ဒါအောင်မြင်သော သင်္ဂဟအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ရွာခိုင်-ကျွဲတိ-ကန်ပြည့် ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းခင်းခြင်း၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၃၂ ဒသမ ၂၁၁ သန်းဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ရွာခိုင်-ကျွဲတိ-ကန်ပြည့်လမ်း ကတ္တရာလမ်းခင်းခြင်း၊ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၀၅ ဒသမ ၂၂၀ သန်းဖြင့် တင်ဒါအောင်မြင်သော ထားပိုကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် လယ်ကိုင်း-ရွှေလှေ-ထနောင်းကုန်း ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ကျုံပျော်၌ စုပေါင်းဓာတ်မြေသြဇာ ကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးပွဲပြုလုပ်

ကျုံပျော် ဇူလိုင် ၂၆

၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စုပေါင်းဓာတ်မြေသြဇာကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပျဉ်ချဆိပ်အုပ်စု တောင်သူဦးကြည်ဝင်း၏လယ်မြေ၌ ယမန်နေ့နံနက် ၈ နာရီက ပြုလုပ်ရာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ဝန်ကြီးဌာနကိုယ်စားပြု ခရိုင်ရုံးဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်နှင့် စိုက်တိုးမြှင့်ကော်မတီဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသန်းဇော်ထိုက်တို့က ပေါင်းလိုက်တမန်းနှိုးခြင်း၏အကျိုးကျေးဇူး၊ တစ်နိုင်တစ်ပိုင်ပြုလုပ်၍ ရကြောင်းနှင့် ပေါင်းမြက်၏ဆိုးကျိုးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ဓာတ်မြေသြဇာကြဲပက်နေမှုနှင့် ပေါင်းလိုက်တမန်းနှိုးခြင်းအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မြန်မာ-ရုရှား နှစ်နိုင်ငံကျားထိန်းသိမ်းရေးအထိမ်းအမှတ်မှသည် နည်းပညာပူးပေါင်းဆောင်ရွက်မှုဖြင့် ကျားကောင်ရေတည်တံ့မှုကို အထောက်အကူပြုနိုင်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာ-ရုရှား နှစ်နိုင်ငံကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ဇူလိုင် ၂၀ ရက်က မြန်မာ့စာတိုက်လုပ်ငန်းမှ ထုတ်ဝေခဲ့ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေး အထိမ်းအမှတ်မှသည် နည်းပညာပူးပေါင်းဆောင်ရွက်မှုဖြင့် ကျားကောင်ရေတည်တံ့မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးဖိုရမ်တွင် ကျားကျက်စားရာနိုင်ငံပေါင်း ၁၄ နိုင်ငံ ပါဝင်တက်ရောက်ခဲ့သည်။ ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက် နေ့စွဲဖြင့် ကျားတံဆိပ်ခေါင်းပူးတွဲထုတ်ဝေမည့်သဘောတူညီမှုကိုရရှိခဲ့သည်။ မြန်မာနိုင်ငံက အတည်ပြုထားသည့် ကျားတံဆိပ်ခေါင်းသုံးခုအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တံဆိပ်ခေါင်းထုတ်ဝေမည့် MARKA သို့ ပေးပို့ခဲ့၍ မြန်မာနိုင်ငံ၌ ဇူလိုင် ၂၀ ရက်တွင် နေပြည်တော်စာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ စာတိုက်များတွင် တစ်ပြိုင်တည်း ထုတ်ဝေရောင်းချခဲ့ခြင်းဖြစ်သည်။

တံဆိပ်ခေါင်း သုံးခုပေါ်၌ မြန်မာ့ကျားပုံနှင့်အတူ မြန်မာ-ရုရှား နှစ်နိုင်ငံအလံ အမှတ်တံဆိပ်ပါရှိပြီး ဇူလိုင် ၂၀ ရက်(တနင်္ဂနွေနေ့)တွင် ထုတ်ဝေသည့်အတွက် ထိုနေ့စွဲအမှတ်အသားကိုလည်း စာပို့တံဆိပ်ခေါင်းပေါ်၌ ရိုက်နှိပ်ထားသည်။

"ကျားထိန်းသိမ်းရေးဆိုတာ တစ်နိုင်ငံတည်း ထိန်းသိမ်းလို့ရတာမဟုတ်တဲ့အတွက် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားမယ်ဆိုရင် မျိုးသုဉ်းပျောက်ကွယ်မယ့် အန္တရာယ်ကိုလည်း တားဆီးနိုင်မှာပါ။ ရုရှားနိုင်ငံနဲ့ နည်းပညာပိုင်းဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းစဉ်မှာ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ကျားကောင်ရေတည်တံ့မှုကို အထောက်အကူဖြစ်စေမှာ အမှန်ပါ"ဟု တနင်္သာရီ သဘာဝကြိုးဝိုင်းဦးစီးအရာရှိ ဦးငြိမ်းအောင်က ပြောသည်။



ထမံသီဘေးမဲ့တောအတွင်း ရှင်သန်ကျက်စားလျက်ရှိသည့် ဘင်္ဂလားကျားမျိုးစိတ်ကို တွေ့ရစဉ်။

မြန်မာ-ရုရှားနှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် ၂၀၀ ကျပ်တန် သုံးခုပါ စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေနိုင်ရန် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဟူးကောင်းနှင့်ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် ရိုက်ကူးခဲ့သောပုံများနှင့် ကင်မရာထောင်ချောက်များမှ ရိုက်ကူးခဲ့သော ကျားပုံများကိုအသုံးပြု၍ ကျားတံဆိပ်ခေါင်း ၂၆ ခု ဒီဇိုင်းရေးဆွဲခဲ့ပြီး အဆိုပါဒီဇိုင်းများမှ သုံးခုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုဖြင့် တံဆိပ်ခေါင်းအဖြစ် ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဥသ၊ ဓာတ်ပုံ - ကိုကိုလွင်**

## နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား Biometric အချက်အလက်များနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



### တန့်ယန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ(Unique Identity-UID) ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးအမ်ဇော်နော်နှင့် ရုံးဝန်ထမ်းများက UID စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော အငြိမ်းစားများအား လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**



### သဃ်န်းကျွန်း

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇူလိုင် ၂၅ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်(သဃ်န်းကျွန်း)၌ ပင်စင်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအား ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်း၊ Smart Card များ ပြုလုပ်ခြင်းကို အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆောင်ရွက်မှုအား ခရိုင်ဦးစီးမှူး ဦးကျော်မင်းက အနီးကပ်ကြီးကြပ်၍ ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား သက်ကြီးဘိုးဘွားများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မိုး(သဃ်န်းကျွန်း)**

### ဥတ္တရသီရိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်းနှင့် UID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းမှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



### ဘီးလင်း

မွန်ပြည်နယ် ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဘီးလင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသူများအား (Unique Identity-UID) ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါဘဏ်၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင် ကြီးကြပ်၍ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးသိန်းထွဋ်အောင်နှင့် အဖွဲ့ဝင်များက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်လာရောက်ထုတ်သူများကို နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ UID များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





### အောင်လံ

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID များ ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ ရက်က အောင်လံမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မှဝန်ထမ်းများ ပူးပေါင်း၍ အငြိမ်းစားဝန်ထမ်းများအား Biometric Data များ ကွင်းဆင်းကောက်ယူခဲ့ရာ ဇူလိုင် ၂၅ ရက်အထိ ၄၉၁ ဦး ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ နိုင်ငံ့ဝန်ထမ်းပင်စင်စား(အငြိမ်းစား)များအား မြို့နယ်ဦးစီးမှူး ဦးမင်းသူ၏ကြီးကြပ်မှုဖြင့် လက်ထောက်မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် ဝန်ထမ်းများက ဇူလိုင် ၂၅ ရက်တွင် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ QR Code နှင့် ဂဏန်း ၁၀ လုံးပါ UID ကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးစဉ်။

ကျော်ဆန်း

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-ဂျီ)၊ မြေကွက်အမှတ်(၄၃၈ပီ/၁၅-အေ)၊ ဧရိယာ(၀.၁၈၀)ဧကရှိ ဂရန်ရှိ မြေပိုင်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာန၌ **ဦးစံသိန်း (LRGN-၀၃၂၆၇၂) [၁၂/တမန(နိုင်)၀၆၂၉၆၅]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား ဦးစံသိန်းက မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက်နှင့် အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင် (LL.B, DBL, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်- ၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)၊ မြေကွက်အမှတ်(၉၉၈+၉၉၉)၊ ဧရိယာ (၀.၀၇၄)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် မြေကွက်အမှတ်(၁၀၀၀)၊ ဧရိယာ(၀.၀၃၄)ဧကရှိ နှစ်(၆၀)ဂရန်မြေ (၂)ကွက်သည် ဒေါ်မြင့်မြင့်ရှိန် (H/RGN-၀၃၅၆၈၆)နှင့် ဒေါ်တင်တင်လှ (X/RGN-၀၀၀၁၄၄) တို့ပူးတွဲအမည်ပေါက်ဖြစ်ပြီး ၎င်းတို့မှ အဆိုပါမြေကွက်(၂)ကွက်ကိုအမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အခြားသူတစ်ဦးတစ်ယောက်ထံရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံအဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

(၂၁-၅-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)ပါ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၃၀) တွင် ဆောက်လုပ်ထားသော (၈ ½)တိုက်၏ ဒုတိယထပ်(ညာဘက်)၊ အခန်းအမှတ် (3A) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ပေx ၆၀ပေ)ရှိ ရေမီးအစုံ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးပွင့်ဆန်း [၁၂/မရက(နိုင်)၀၀၇၁၈၆] (Managing Director, P.P.B Group Myanmar Co., Ltd.)**ထံမှ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ထိုအရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ကို ဖော်ပြခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်အမှုသည်၏ ညွှန်ကြားချက်အရ အထက်ဖော်ပြပါ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နန်းနီလာချစ်ဆွေ** | **ဒေါ်ယွန်းသန္တာအောင် (LLB)** |
| **(LLB, D.BL, D.IL, D.IPL)** | **အထက်တန်းရှေ့နေ** |
| **အထက်တန်းရှေ့နေ (စဉ်-၃၉၅၆၁)** | **စဉ် - ၄၈၁၂၇** |

**အမှတ် (၁၇၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၄၅၄၇၁၂၈၊ ၀၉-၇၅၅၄၉၁၂၄၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၈၂ ရပ်ကွက်၊ အကွက်အမှတ် (လလ-၈)၊ ဦးပိုင်အမှတ်-၃၂ ခဲစင်း၊ ၆၁x၆၂ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဌေးဌေးမြင့်[၉/အမရ(နိုင်)၁၁၇၅၂၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၆၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်စန္ဒာဦး[၁/မညန(နိုင်)၀၈၅၄၂၆]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(မမ-၁)၊ ဦးပိုင်အမှတ်(၅၅)၊ ၅၅လမ်း၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ထိပ်တင်မြတ်[၉/မနတ(နိုင်)၀၂၆၀၅၄]၊ AE-၂၃၈၅၇၇ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၀၅/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြည်စိန်(ခ)မြရင်[၉/မကန(နိုင်)၀၇၈၂၄၂]က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်းခြင်း

သန်လျင်၊ အ.ထ.က(၂) Grade-11 မှ အဖ ဦးမျိုးမင်းနိုင်၏သား မောင်ခေတ်သစ်မျိုးမင်းကျော်အား မောင်မျိုးမင်းကျော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်မျိုးမင်းကျော်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(နှစ်ကရင်)၊ Grade-(12)မှ မောင်ကောင်းထက်စံ၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက်[၇/ကဝန(နိုင်)၁၁၃၈၄၄] ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဆရာစံ(၃) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၆၇၅/က) ဧရိယာ အကျယ်အဝန်း (၂၀ × ၆၀)ပေပေါ်ရှိ ဦးမြရွှေအမည်ပေါက် ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိတို့မောင်နှမများမှ တရားဝင် ဥပဒေနှင့်အညီ ပိုင်ဆိုင်ပြီး ပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှဌေး (၁၂/ဒလန(နိုင်)၀၂၆၆၃၈)ထံမှ ကျွန်ုပ် ၏ မိတ်ဆွေက ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် အားဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| | လွှဲအပ်ညွှန်ကြားချက်အရ - |
| လွှဲအပ်ညွှန်ကြားသူ | ဒေါ်ဖြိုးနန္ဒာဦး LL.B, WIPO (Switzerland) |
| ဦးမျိုးမင်းထွန်း | အထက်တန်းရှေ့နေ |
| ၁၂/ဒလန(နိုင်)၀၄၀၄၀၂ | (စဉ်၅၂၉၅၁/၂၀၂၀) |

အမှတ်(၁၅၃)၊၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ရန်ကုန်မြို့။ ဖုန်း ၀၉-၉၇၉၃၄၄၂၇၄၊

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ် (လ-၅)၊ ဦးပိုင်အမှတ်(၈၁)၊ ၁၁၃x၁၁၄ကြား၊ ၇၀x၇၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဝင်းမြင့် [၁၃/ကခန(နိုင်)၀၁၈၆၇၁]က အမှုတွဲအမှတ် (၁၅၂၅/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက် အမှတ်(စ-၄)၊ ဦးပိုင်အမှတ်(၇၅-က)၊ ၆၅x၆၆ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခွမ်လာလ် [၉/ခမစ(နိုင်)၀၀၃၇၀၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၀၉/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီမော်[၉/ညဥန(နိုင်)၀၅၁၆၆၅]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်(ဇဇ-၃၁)၊ ဦးပိုင်အမှတ်(၂၃-၄)၊ ၁၀၉.C လမ်း၊ ၄၇x၄၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝါဝါ [၁၃/ကလန(နိုင်)၀၀၅၄၈၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၅/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုနှင်းခိုင်[၁/မကတ(နိုင်)၁၂၀၀၄၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အရှေ့)၊ မြေကွက်အမှတ်(၁၂၇/က)၊ ဇီဇဝါလမ်း၊ ဦးကျော်အောင် (AA-၀၄၃၅၂၈) အမည်ပေါက် အကျယ်အဝန်း (၂၀'x၆၀')၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်ကို အမည်ပေါက်သူ ဦးကျော်အောင် နှင့် ၎င်း၏ဇနီး ဒေါ်ညိုညိုတို့ ကွယ်လွန်သဖြင့် သားများဖြစ်ကြသော ဦးဝင်းထွဋ်အောင် [၁၂/သကတ(နိုင်)၀၈၂၄၃၄]၊ ဦးချစ်ကိုကို [၁၂/သကတ(နိုင်)၁၀၄၂၀၂] တို့မှ အဆိုပါမြေကွက်အား ၎င်းတို့သာပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်မင်းထွန်း [၉/မနတ(နိုင်) ၀၆၆၃၁၈]နှင့် ဒေါ်သင်းမြတ်စိုး [၁၀/ရမန(နိုင်)၀၉၄၁၁၂]တို့က အပြီးအပိုင်ဝယ်ယူ ရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဇော်မင်းထွန်း၊** | **ဒေါ်ဝင်းဝင်းခိုင် (LL.B)** |
| **ဒေါ်သင်းမြတ်စိုး** | **တရားလွှတ်တော်ရှေ့နေ၊ (စဉ်- ၈၈၁၇)** |
| **၀၉-၄၂၀၀၆၈၆၉၄** | **အမှတ် (၂၃၈)၊ မာန်ပြေ (၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၆၅၉၃၉** |

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(နှစ်ကရင်)၊ Grade-(12)မှ မကြယ်စင်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးခိုင် [၁၀/ရမန (နိုင်) ၁၉၄၀၀၄] ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးခိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၅)၊ ဦးပိုင်အမှတ် (၈၀)၊ ၁၁၃x၁၁၄ကြား၊ ၇၀x၇၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဝင်းမြင့် [၁၃/ကခန(နိုင်)၀၁၈၆၇၁]က အမှုတွဲအမှတ် (၁၅၂၄/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၅)၊ ဦးပိုင်အမှတ် (၇၈)၊ ၁၁၃x၁၁၄ကြား၊ ၇၀x၇၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဝင်းမြင့် [၁၃/ကခန(နိုင်) ၀၁၈၆၇၁]က အမှုတွဲအမှတ် (၁၅၂၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

